# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၁၉)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ရှိ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ရှိ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေး

## ကိုကိုးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် တတ်နိုင်သည့်ဘက်မှကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လို

နေပြည်တော် အောက်တိုဘာ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား ယနေ့ မွန်းလွဲပိုင်းတွင် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖



**ယနေ့ *သတင်းအညွှန်း***

**နိုင်ငံတော်ရွှေသီးဖို့ ကျွမ်းကျင်အစေးခြစ်လုပ်သားများ မွေးထုတ်ပေးကြစို့** — ဆောင်းပါး | စာ ၆

**လူတိုင်းအတွက် အရည်အသွေးပြည့် စာရင်းအင်း (Quality Statistics for Everyone)** — ဆောင်းပါး | စာ ၁၀

**ပါကစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံခန့်ရှိ** — နိုင်ငံတကာသတင်း | စာ ၁၄




# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်



**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

❖ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ကိုကိုးကျွန်းလေဆိပ်သို့ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ရပ်မိရပ်ဖများအား မြို့နယ်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကိုကိုးကျွန်းမြို့ရှိဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ ကိုကိုးကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ မြန်မာအီလက်ထရောနစ်မဲပေးစနစ် (MEVM) စက်များအသုံးပြုနိုင်ရေး အသိပညာပေးမှုများ ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ကိုကိုးဆည်မှ တစ်ဆင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိမှု၊ ရေသန့်စက်များတပ်ဆင်၍ သောက်ရေသန့်များ ဖြန့်ဝေပေးလျက်ရှိမှု၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိမှု၊ အားကစားကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ကိုကိုးပင်များ စိုက်ပျိုးလျက်ရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို လည်းကောင်း၊ ကိုကိုးကျွန်းမြို့ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျန်းမာရေးကဏ္ဍလိုအပ်မှု၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းအတွက်လိုအပ်မှု၊ ပုဂ္ဂလိကလိုအပ်ချက်များအား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ကိုကိုးပင်စိုက်ပျိုးခြင်းနှင့်ပတ်သက်ပြီး ဒေသအတွက်အကျိုးဖြစ်ထွန်းစေရန်အတွက် စိုက်ပျိုးစေခြင်းဖြစ်ကြောင်း၊ ကိုကိုးပင်စိုက်ပျိုးခြင်းများ တိုးတက်စေရေးအတွက် မိမိတို့ကိုယ်တိုင်ဆက်လက်၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသဝင်ငွေတိုးတက်ရရှိရေးအတွက် ဒေသတွင်နေထိုင်ကြသူများက ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ဖြည့်စွက်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက ကိုကိုးကျွန်းဒေသအတွက်လိုအပ်လျက်ရှိသည့် လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေး သမဝါယမလုပ်ငန်းများဖြစ်သည့် စက်ချုပ်သင်တန်း၊ အိမ်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေး ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ကျန်းမာရေးကဏ္ဍလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ဆက်သွယ်ရေးကွန်ရက်များ တပ်ဆင်ပေးထားမှု၊ ပညာရေးကဏ္ဍအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိမိအနေဖြင့်ကိုကိုးကျွန်းမြို့သို့လာရောက်ခဲ့သည်မှာ ၂၀ ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ ကိုကိုးကျွန်းမြို့ တိုးတက်စေရေး မိမိအနေဖြင့် လွန်ခဲ့သည့် ၁၀ နှစ်ကျော်ခန့်မှစတင်၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါ ယခင်ကနှင့် လုံးဝမတူတော့ဘဲ ဖွံ့ဖြိုးတိုးတက်မှုရှိလာသည်မှာ မျက်ဝါးထင်ထင်ပင်ဖြစ်ကြောင်း၊ မိမိတို့မှ မည်သို့ပင် ဆောင်ရွက်ပေးသည်ဖြစ်စေ ကိုကိုးကျွန်းမြို့မှ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း အားထုတ်သွားကြရန်လည်းလိုကြောင်း။

### ဝမ်းစာဖူလုံရေးအတွက် စီမံဆောင်ရွက်

ကိုကိုးကျွန်းမြို့တွင် လယ်မြေများမရှိကြောင်း၊ သွားလာစားသောက်ရေးနှင့်ပတ်သက်၍ စိန်ခေါ်မှုများရှိကြောင်း၊ သွားလာရန်ခက်ခဲသည့်အချိန်တွင် စားသောက်ရေးအတွက် အခက်အခဲမဖြစ်စေရန်လိုကြောင်း၊ ထို့ကြောင့် မြို့တွင်နေထိုင်ကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် မြို့နေပြည်သူများအနေဖြင့် ဝိုင်းဝန်း၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့မြေများတိုးချဲ့ရာတွင် စိုက်ပျိုးမြေများမထိခိုက်စေရေး ကြိုတင်စဉ်းစား တွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်ရှိသည့် ပြည်သူများ မပူမပင်ဖြင့် စားသောက်နိုင်စေရေး အမြဲဆန်ဖူလုံမှုရှိအောင် တာဝန်ရှိသူများအနေဖြင့်ဆောင်ရွက်ကြရန်လိုကြောင်း၊ ကိုကိုးကျွန်းဒေသ ဝမ်းစာဖူလုံရေးအတွက် စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

လယ်ယာများ၊ ကုန်းမြင့်ယာများကို ဖော်ထုတ်သွားရန်လိုကြောင်း၊ ထိုသို့ ဖော်ထုတ်နိုင်ရန်အတွက် စိုက်ပျိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကို စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ စားရေးနှင့်ပတ်သက်၍ ကိုကိုးကျွန်းမြို့တွင် နေထိုင်ကြသည့် ပြည်သူများ၏အရေအတွက်ကို တွက်ချက်၍ ပထမအဆင့် ၂၅ ရာခိုင်နှုန်းဖူလုံစေရန်၊ ဒုတိယအဆင့် ၄၀ ရာခိုင်နှုန်းဖူလုံစေရန်၊ ထိုမှတစ်ဆင့် ၁၀၀ ရာခိုင်နှုန်း ပြည့်မီသည်အထိ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့၏ ဒေသဝမ်းစာပြည့်မီရေးအတွက် ဒေသအကျိုးကိုကြည့်၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ရေရှည်ကိုကြည့်၍ စနစ်တကျတွက်ချက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

### မွေးမြူရေးလုပ်ငန်းများဆောင်ရွက်

စားရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးလုပ်ငန်းများသာမက တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ ဆိတ်မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ကိုကိုးကျွန်းနေပြည်သူများ၏ အချက်အလက်များကို ကောက်ယူ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ ကိုကိုးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေး မြို့ရွာတည်ဆောက်ရေးလုပ်ငန်းများအတွက် တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ကိုကိုးကျွန်းဒေသတွင် အခြေခံအားဖြင့်ရှိပြီးဖြစ်သည့် အုန်းပင်များမှ အုန်းထွက်ပစ္စည်းများကို ထုတ်လုပ်၍ရကြောင်း၊ ထို့ကြောင့် ကိုကိုးကျွန်းဒေသမှ အုန်းထွက်ပစ္စည်းများထုတ်လုပ်နိုင်ရေး မိမိအနေဖြင့် ဆောင်ရွက်ပေးထားကြောင်း၊ ကိုကိုးကျွန်းဒေသတွင် ယခုထက် ပိုမိုကောင်းမွန်သည့် အုန်းမျိုးများ စိုက်ပျိုးနိုင်ရန်လိုကြောင်း၊ ဒေသတွင်အခြေခံအကျဆုံး ပြည်သူများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

*စာမျက်နှာ ၄ သို့*

❑ **ကိုကိုးကျွန်းမြို့တိုးတက်စေရေး မိမိအနေဖြင့် လွန်ခဲ့သည့် ၁၀ နှစ်ကျော်ခန့်မှ စတင်၍ ဆောင်ရွက်ပေးခဲ့၊ ယခုအခါ ယခင်ကနှင့် လုံးဝမတူတော့ဘဲ ဖွံ့ဖြိုးတိုးတက်မှုရှိလာသည်မှာ မျက်ဝါးထင်ထင်ပင်ဖြစ်၊ မိမိတို့မှ မည်သို့ပင် ဆောင်ရွက်ပေးသည်ဖြစ်စေ ကိုကိုးကျွန်းမြို့မှ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း အားထုတ်သွားကြရန်လည်းလို**

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၈**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကိုကိုးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**လုံခြုံရေးသတိဖြင့်နေထိုင်**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ကိုကိုးကျွန်းမြို့နှင့် သွားလာဆက်သွယ်မှု အဆင်ပြေစေရေးအတွက် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းနှင့် သင်္ဘောကြီးများ ဆိုက်ကပ်ရပ်နားနိုင်သည့် ဆိပ်ခံတံတားကို တည်ဆောက်ပေးခဲ့ပြီး ယခင်ကထက် များစွာ တိုးတက် ကောင်းမွန်လာပြီဖြစ်ကြောင်း၊ ကိုကိုးကျွန်းသည် မိမိတို့နိုင်ငံအတွက် ပထဝီအနေအထား အရ အရေးပါသည့်နေရာတွင် တည်ရှိသောကြောင့် ကိုကိုးကျွန်းတပ်နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များသာမက မိသားစုဝင်များအနေဖြင့်လည်း အမြဲလုံခြုံရေး အသိ၊ လုံခြုံရေးသတိဖြင့် နေထိုင်ကြရန် လိုကြောင်း။

တပ်မတော် ဆိုသည်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သည့် အဖွဲ့အစည်းဖြစ်ပြီး အဆင့်အလိုက် တာဝန်ထမ်းဆောင်နေကြသူများအားလုံးက ကာကွယ်ရေးအမြင်များရှိရန် လိုကြောင်း၊ တပ်မတော်သားများ ဖြစ်သည်နှင့်အညီ အမြဲတိုက်ပွဲဝင်အသင့်ဖြစ်စေရေး ကြိုတင်လေ့ကျင့် ပြင်ဆင်ခြင်းများကို ဆောင်ရွက်နေရန်လိုပြီး ကျန်းမာကြံ့ခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်နှင့် ကျွမ်းကျင်မှုများရှိရန် ဆောင်ရွက်ပြီး အမြဲ Combat Ready ဖြစ်စေရေး ဆောင်ရွက်နေရန်လိုကြောင်း။

**စဉ်ဆက်မပြတ်လေ့ကျင့်**

ကျန်းမာကြံ့ခိုင်မှု ရှိစေရေးအတွက် တပ်မတော်သားတစ်ဦး နေ့စဉ်ဆောင်ရွက်ရမည့်ကိုယ်လက်ကြံ့ခိုင်မှု လေ့ကျင့်ခန်းများကို အမြဲဆောင်ရွက်နေရန် လိုကြောင်း၊ ရဲစွမ်းသတ္တိရှိရန်အတွက် မြန်မာ့ရိုးရာသိုင်း၊ လက်ဝှေ့နှင့် အခြား ကိုယ်ခံပညာရပ်များကို အမြဲလေ့ကျင့်ဆောင်ရွက်နေရန် လိုကြောင်း၊ ရဲစွမ်းသတ္တိရှိခြင်း ဆိုသည်မှာ အများအကျိုးအတွက် လုပ်သင့်လုပ်ထိုက်သည့်

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၃ မှ*

မိမိတို့ဒေသမှထုတ်ကုန်များအား တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထိုသို့ထုတ်လုပ်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာများ လိုအပ်ကြောင်း၊ ထို့ကြောင့် အတန်းပညာများမြင့်မားစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အတန်းပညာတတ်မြောက်ပြီးသူများကို အိမ်တွင်းထုတ်လုပ်မှုလုပ်ငန်းများကို သင်ကြားပေးမည်ဆိုပါက ကိုကိုးကျွန်းမြို့တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်း တိုးတက်လာမည်ဖြစ်ကြောင်း။

ကိုကိုးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများအားလုံး ဝိုင်းဝန်း၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကိုကိုးကျွန်းဒေသတွင် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးရန် ရည်မှန်းထားကြောင်း၊ ထို့ကြောင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်နေထိုင်ကြသူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကိုကိုးကျွန်းမြို့တွင် တာဝန်ထမ်းဆောင်နေသူများအနေဖြင့် ဒေသ၏ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ မြင့်မားစေရေးဆောင်ရွက်ပေးသွားရန်လိုကြောင်း။

ပညာသင်ကြားရာတွင် ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို အတန်းအလိုက် ပညာများ တတ်ကျွမ်းမှုရှိစေရေး သင်ကြားပေးရန် လိုကြောင်း၊ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုကိုးကျွန်းမြို့တွင် ပညာသင်ကြားမှုအနေဖြင့် ကျောင်းသားနှင့် ဆရာ ဆရာမ အချိုး ကောင်းမွန်သည့်အတွက် ပညာသင်ကြားရေးကို ပိုမိုဆောင်ရွက်နိုင်ပြီး ပညာရည်ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ကြောင်း၊ ဒေသတွင်းပညာတတ်များ ပိုမိုကြွယ်ဝလာမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုစေနိုင်ကြောင်း။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွေ့ဆုံပွဲ အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ကိုကိုးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် တတ်နိုင်သည့်ဘက်မှကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကိုကိုးကျွန်းမြို့ရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ကိုကိုးကျွန်းမြို့အထက်တန်းကျောင်းအတွက် စာရေးကိရိယာများကိုလည်းကောင်း ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကိုကိုးကျွန်းမြို့နယ်အထက်တန်းကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်နယ်မှအရာရှိ၊ စစ်သည် မိသားစုများအတွက် စားသောက်ဖွယ်ရာများကို ရေတပ်ဌာနချုပ်မှူးထံ ပေးအပ်စဉ်။


နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရန်ပုံငွေများကို ရေတပ်ဌာနချုပ်မှူး၏ဇနီးထံ ပေးအပ်စဉ်။

*စာမျက်နှာ ၄ မှ*

ကိစ္စရပ်များကို သတ္တိရှိစွာဖြင့် ပြတ်ပြတ်သားသား တာဝန်ထမ်းဆောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရဲစွမ်းသတ္တိရှိစေရေး မိမိကိုယ်ကို လေ့ကျင့်နေရန်လိုကြောင်း၊ ကျွမ်းကျင်မှုနှင့် ပတ်သက်၍ မိမိတို့ ကိုင်တွယ်အသုံးပြုရသည့် လက်နက်ခဲယမ်းများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် အသုံးပြုနိုင်ရေးနှင့် အမြဲအသင့်ဖြစ်နေစေရေး စဉ်ဆက်မပြတ် လေ့ကျင့် ဆောင်ရွက်နေရန်လိုကြောင်း။

**စနစ်တကျကြပ်မတ်ဆောင်ရွက်**

အလားတူ နေ့စဉ်ဆောင်ရွက်နေရသည့် ဦး၊ ရေး၊ ထောက်ဆိုင်ရာ ရုံးလုပ်ငန်းတာဝန်များကိုလည်း အမြဲစနစ်တကျဆောင်ရွက်နေမည်ဆိုပါက စည်းကမ်းကောင်းမွန်သည့် တပ်များဖြစ်လာမည်ဖြစ်ကြောင်း၊ နေ့စဉ်ဆောင်ရွက်ရမည့် သမားစဉ်လုပ်ငန်းများကို မပျက်မကွက် လုပ်ဆောင်နေမည်ဆိုပါက အရည်အချင်းရှိသည့် တပ်များ ဖြစ်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် Check ၊ Recheck ၊ Counter Check ဖြင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ ကြပ်မတ်ကွပ်ကဲရသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန်လိုသကဲ့သို့ လိုက်ပါဆောင်ရွက်ရသူများအနေဖြင့်လည်း စည်းကမ်းစနစ်တကျဖြင့် လိုက်နာဆောင်ရွက်သွားကြရန် လိုကြောင်း၊ အရာရှိ၊ စစ်သည်များ၏ ရသင့်ရထိုက်သည့် အခွင့်အရေးများ မဆုံးရှုံးစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် ဆောင်ရွက်ပေးနေရန်လိုကြောင်း။

မိမိတို့၏ ကျန်းမာရေးနှင့် လူမှုဘဝကို ထိခိုက်စေနိုင်သည့် အရက်သေစာ သောက်စားခြင်းများနှင့် အပျော်အပါးလိုက်စားခြင်းများကို တတ်နိုင်သမျှရှောင်ကြဉ်ရန်လိုကြောင်း။

အသုံးအစွဲချွေတာသုံးခြင်းဖြင့် မိမိတို့၏ ဝင်ငွေနှင့်ထွက်ငွေများ မျှတအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏သက်သာချောင်ချိမှုကို များစွာအထောက်အကူပြုစေနိုင်သဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

စိတ်ဓာတ်ပိုင်း ဆိုင်ရာနှင့် ပတ်သက်၍ အားကစားပြိုင်ပွဲများ၊ ကြံ့ခိုင်ရေးပြိုင်ပွဲများ၊ သဲသောင်ပြင် အပြေးပြိုင်ပွဲများ ကျင်းပခြင်း၊ ရုပ်ရှင်များပြသခြင်း၊ ရာသီအလိုက် ပွဲတော်များ ကျင်းပပေးခြင်းများကိုဆောင်ရွက်ပြီး အရာရှိ၊ စစ်သည်မိသားစုများ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးရန်လိုကြောင်း။

**“စိတ်ဓာတ်ပိုင်းဆိုင်ရာနှင့် ပတ်သက်၍ အားကစားပြိုင်ပွဲများ၊ ကြံ့ခိုင်ရေးပြိုင်ပွဲများ၊ သဲသောင်ပြင်အပြေးပြိုင်ပွဲများ ကျင်းပခြင်း၊ ရုပ်ရှင်များပြသခြင်း၊ ရာသီအလိုက်ပွဲတော်များ ကျင်းပပေးခြင်းများကို ဆောင်ရွက်ပြီး အရာရှိ၊ စစ်သည်မိသားစုများ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးရန်လို”**

နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် နိုင်ငံတော်၏ အခြေအနေအရ ၂၀၂၁ ခုနှစ်မှစတင်၍ နိုင်ငံတော်၏ တာဝန်ကိုယူခဲ့ရကြောင်း၊ ရွေးကောက်ပွဲကိုလည်း မကြာမီအချိန်အတွင်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ဆန္ဒမဲများပေးရာတွင်လည်း မိမိတို့ ဒေသနှင့် နိုင်ငံ၏အကျိုးကို အမှန်တကယ် လိုက်နာ စောင့်ထိန်းနိုင်သည့်သူ၊ ဒို့တာဝန် အရေးသုံးပါးကို လိုက်နာစောင့်ထိန်းလိုက်နာသည့်သူ၊ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအမြင်ရှိသူကို ရွေးချယ်ကြရန်လိုကြောင်း၊ ရွေးကောက်ပွဲသည် ဒီမိုကရေစီ နိုင်ငံတစ်ခုကို တည်ဆောက်ရန်အတွက် မဖြစ်မနေလိုအပ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အရာရှိ၊ စစ်သည်မိသားစုများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

မိမိတို့နိုင်ငံတွင် ပညာတတ်လူသားအရင်းအမြစ်များ ပေါများကြွယ်ဝစေရေး နိုင်ငံတော်အနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေအရ တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေရခြင်းဖြစ်ကြောင်း၊ မိမိတို့အားလပ်သည့်အချိန်များတွင် စာပေဖတ်ရှုလေ့လာခြင်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ စာဖတ်ခြင်းဖြင့် မိမိတို့ဘဝတိုးတက်စေရေး အထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ စာပေများဖတ်ရှုလေ့လာပြီး အသိပညာ အတတ်ပညာများ တတ်ကျွမ်းအောင် ဆောင်ရွက်ကြရန်နှင့် မိမိတို့၏ သားသမီးများအား ပညာတတ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်နယ်မှအရာရှိ၊ စစ်သည် မိသားစုများအတွက် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရန်ပုံငွေများကို လည်းကောင်း ပေးအပ်ရာ ရေတပ်ဌာနချုပ်မှူးနှင့် ဇနီးတို့က လက်ခံရယူကြသည်။

**စားသောက်ဖွယ်ရာများ ပေးအပ်**

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက တပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

တွေ့ဆုံပွဲ အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် တပ်နယ်ရှိ နွားမွေးမြူရေးခြံအတွင်း ဒေသနွားများ မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျွန်းပတ်လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ဖျိုင်းကျွန်းနှင့် ဂျယ်ရီကျွန်း ဆက်လမ်း ဆောင်ရွက်ထားမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကိုကိုးကျွန်းပေါ်ရှိ မြေလွတ်နေရာများ၌ မျိုးကောင်းသည့် အုန်းပင်များအား စနစ်တကျဖြင့် အကွက်ချစိုက်ပျိုးရန်၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပင်လယ်ရေမှ စိုက်ပျိုးရေထုတ်ယူသုံးစွဲနိုင်ရေး သုတေသနပြု ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံရေတပ်စခန်း ဌာနချုပ် ကိုကိုးစိုက်ပျိုးရေးခြံသို့ ရောက်ရှိကြပြီး ကိုကိုးပင်များ ရှင်သန်အောင်မြင် ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကိုကိုးပင်များအား ယခုထက်ပိုမိုတိုးတက်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန်၊ ထိုမှတစ်ဆင့် မြေနိမ့်ကော်ဖီကို စမ်းသပ်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန်နှင့် အခြား လိုအပ်သည်များကို လမ်းညွှန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နယ်မြေခံရေတပ်စခန်းဌာနချုပ် ကိုကိုးစိုက်ပျိုးရေးခြံ၌ ကိုကိုးပင်များ ရှင်သန်အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်ရွှေသီးဖို့ ကျွမ်းကျင်အစေးခြစ်လုပ်သားများ မွေးထုတ်ပေးကြစို့

**"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"** ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့စီးပွားရေးတွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍဟူ၍ ကဏ္ဍသုံးရပ်ရှိသည့်အနက် နိုင်ငံ့လူဦးရေ ၇၀ ရာခိုင်နှုန်းကျော် မှီတင်းနေထိုင်ကြသည့် ကျေးလက်ဒေသ၏ အဓိက စီးပွားရေးဖြစ်သော စိုက်ပျိုးမွေးမြူ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေး အားပေးဆောင်ရွက်ရန် အရေးကြီးပါသည်။

အေးအေးမြင့်(စိုက်ပျိုးရေး)

စိုက်ပျိုးရေးထုတ်ကုန်များအနက် ရော်ဘာသည် ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချ၍ နိုင်ငံခြားဝင်ငွေရှာဖွေပေးလျက်ရှိသည့်အပြင် ပြည်တွင်းစက်မှုလုပ်ငန်းများအတွက်လည်း ကုန်ကြမ်းအဖြစ်အသုံးပြုပြီး ရော်ဘာအခြေခံ အသေးစား၊ အလတ်စားနှင့် အကြီးစားထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ပေးလျက်ရှိသဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

**ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှု**

မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေနှင့် ရာသီဥတုအခြေအနေအရ မကွေးတိုင်းဒေသကြီးကဲ့သို့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှအပ မြန်မာနိုင်ငံ ဒေသအားလုံးနီးပါးတွင် ရော်ဘာစိုက်ပျိုးဖြစ်ထွန်းခြင်း၊ နိုင်ငံတော်ကလည်း စီမံကိန်းများချမှတ်၍ အားပေးဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် ပြည်နယ်/တိုင်းဒေသကြီးအလိုက် ရော်ဘာစိုက်ဧရိယာများ သိသိသာသာ တိုးတက်လာခဲ့ပါသည်။



ပြင်ပပညာရှင်က ဆွေးနွေးပို့ချနေစဉ်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း ရော်ဘာသီးနှံစိုက်ဧရိယာ ၁၆၃၉၆၆၄ ဧကအထိ ရှိလာပြီး အစေးခြစ်ဧရိယာ ၁၀၅၀၈၆၂ ဧကမှ ရော်ဘာတန်ချိန် ၃၄၆၇၆၈ တန်အထိ ထုတ်လုပ်လာနိုင်ခဲ့ပါသည်။ မှိုင်းခံရော်ဘာနှင့် ခရမ့်ရော်ဘာများ ထုတ်လုပ်ပြီး ထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းခန့်သာ ပြည်တွင်းစက်မှုလုပ်ငန်းများတွင် သုံးစွဲပြီး ကျန် ၉၀ ရာခိုင်နှုန်းကျော်ကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှ ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း ရော်ဘာတန်ချိန် ၂၉၉၆၃၉ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး နိုင်ငံတော်အတွက် ပြည်ပဝင်ငွေ အမေရိကန်ဒေါ်လာ ၄၈၁ ဒသမ ၀၄၂ သန်း ရှာဖွေပေးနိုင်ခဲ့ပါသည်။ ထို့ပြင် သက်တမ်းလွန်ရော်ဘာပင်အိုများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ခုတ်လှဲ၍ ရော်ဘာသစ်ထုတ်လုပ်ကာ ပြည်ပတင်ပို့ရောင်းချခြင်းမှလည်း ပြည်ပဝင်ငွေရှာဖွေပေးလျက်ရှိပါသည်။ သို့ဖြစ်၍ ပြည်တွင်းစက်ရုံများ၏ ကုန်ကြမ်းလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်ပဝင်ငွေတိုးတက်ရရှိနိုင်ရန်အတွက် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

**ရော်ဘာထုတ်လုပ်မှုတိုးတက်ရေး**

ရော်ဘာထုတ်လုပ်မှု တိုးတက်လာရေးတွင် စိုက်ပျိုးမြေကန့်သတ်ချက်များ ရှိလာခြင်းကြောင့် စိုက်ဧရိယာတိုးချဲ့စိုက်ပျိုးရန်မှာ အခွင့်အလမ်းနည်းပါးလာပြီး တစ်ဧကအထွက်နှုန်း တိုးတက်ရေးကို ပိုမိုအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ စိုက်ခင်းအသစ် စိုက်ပျိုးရာတွင်လည်းကောင်း၊ သက်တမ်းလွန်ရော်ဘာပင်အိုများခုတ်လှဲ၍ ပြန်လည်စိုက်ပျိုးရာတွင်လည်းကောင်း ဌာနထောက်ခံမျိုးများကိုသာ အသုံးပြုထားသည့် အဖူးကူးပျိုးပင်များဖြင့် စိုက်ပျိုးခြင်း၊ သတ်မှတ်စိုက်ပျိုးနည်းစနစ်များအတိုင်း စိုက်ပျိုးခြင်း၊ လိုအပ်သည့်သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများ အချိုးကျထည့်သွင်းခြင်း၊ စနစ်တကျ ပြုစုထိန်းသိမ်းခြင်းများကို နှစ်စဉ်ဆောင်ရွက်ရပါမည်။

ရော်ဘာပင် သတ်မှတ်လုံးပတ်ပြည့်ပြီး အစေးခြစ်ရမည့်အရွယ်ရောက်ရှိချိန်တွင်လည်း အစေးခြစ်လုပ်သားများ လုံလောက်စွာဖြင့် လူပြည့်ကွက်ပြည့် အစေးခြစ်နိုင်မှသာလျှင် အစေးအထွက်နှုန်းကောင်းမွန်ပြီး ထုတ်လုပ်မှုတိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် အစေးခြစ်လုပ်သားများသည် ကျွမ်းကျင်မှုရှိရန် လိုအပ်ပြီး အစေးခြစ်မကျွမ်းကျင်မှုကြောင့် ဓားစာနက်ပါက အခေါက်ပေါက်ခြင်း၊ အခေါက်ပေါက်ဒဏ်ရာမှ ရောဂါပိုးမွှားဝင်ရောက်၍ အပင်ရောဂါဖြစ်ပွားခြင်း၊ ဓားစာတိမ်ပြီး အစေးကြောထိ မရောက်ပါက အစေးထွက်နည်းခြင်း၊ ဓားစာထူပါကလည်း စီးပွားရေးသက်တမ်းပြည့် အစေးမခြစ်နိုင်ခြင်းများ ဖြစ်ပေါ်လာပြီး အစေးအထွက်နှုန်းများ လျော့နည်းလာပါသည်။

ထို့ကြောင့် ရော်ဘာထုတ်လုပ်မှုတိုးတက်ရေးနှင့် ဝင်ငွေတိုးတက်ရေးအတွက် ရော်ဘာပင်များ စတင်အစေးခြစ်ချိန်မှ အစေးခြစ်သက်တမ်းတစ်လျှောက် စနစ်တကျအစေးခြစ်နိုင်သော ကျွမ်းကျင်အစေးခြစ်လုပ်သားများ လုံလောက်စွာ ရရှိရေးမှာ ခြံရှင်များအတွက် ပို၍အရေးကြီးလာကြောင်း တွေ့ရှိရပါသည်။

**ကဏ္ဍစုံတွင်ထုတ်လုပ်မှု တိုးတက်ရေး ဆောင်ရွက်နေမှု**

ကဏ္ဍစုံတွင် ထုတ်လုပ်မှုတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားများရရှိရေးသည် အရေးကြီးသောကြောင့် မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority-NSSA) ကို ၂၀၀၇ ခုနှစ်တွင် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ အလုပ်သမားဝန်ကြီးဌာနမှ Focal Ministry အဖြစ် ဆောင်ရွက်ခဲ့ပြီး နိုင်ငံအဆင့် မြန်မာလုပ်သားထု၏ ကျွမ်းကျင်မှုအရည်အသွေးမူဘောင်နှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးစနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်ခဲ့ပါသည်။ အဓိကအားဖြင့် အာဆီယံဒေသတွင်း ကျွမ်းကျင်မှု အပြန်အလှန်အသိအမှတ်ပြုနိုင်ရေးနှင့် မြန်မာလုပ်သားထု၏ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်နှင့် စွမ်းဆောင်ရည်တိုးမြှင့်ရေးကို ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ကျွမ်းကျင်မှုအခြေပြု လုပ်သားထုတစ်ရပ်ပေါ်ထွန်းရေး မျှော်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိရာတွင် လုပ်သားဈေးကွက်အတွင်း လုပ်သားအင်အားလိုအပ်ချက်များပြားသော အလုပ်အကိုင်များအတွက် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီ ၁၆ ခုအထိ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ကော်မတီအလိုက် ကျွမ်းကျင်မှု "စံ" များ ရေးဆွဲအတည်ပြုခြင်း၊ လုပ်သားများအား ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနတွင် စစ်ဆေးအကဲဖြတ်ရေးအဖွဲ့မှ စစ်ဆေးအကဲဖြတ်ခြင်း၊ စစ်ဆေးအကဲဖြတ်မှတ်တမ်းများကို ကော်မတီမှ စိစစ်ပြီး NSSA အဖွဲ့သို့ တင်ပြ၍ အတည်ပြုချက်ရရှိပါက အတည်ပြုကြောင်း ပြန်ကြားခြင်း၊ အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

**ရော်ဘာထုတ်လုပ်မှုတိုးတက်ရေးဆောင်ရွက်မှု**

လုပ်ငန်းကဏ္ဍအလိုက် ကော်မတီပေါင်း ၁၆ ခုတွင် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီလည်း ပါဝင်ပါသည်။ အဆိုပါကော်မတီတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနမှ အလုပ်အကိုင်များ ပါဝင်ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လုပ်သားလိုအပ်ချက်များသော အလုပ်အကိုင်ဖြစ်သည့် ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှုအဆင့်(၁)အတွက် စစ်ဆေးအကဲဖြတ်နိုင်ရေး ကျွမ်းကျင်မှု "စံ" များ အဆင့်ဆင့်ရေးဆွဲအတည်ပြုပြီး ဖြစ်ပါသည်။

နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ)သည် ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှုအဆင့်(၁)အတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနအဖြစ် ကော်မတီ၏ အသိအမှတ်ပြုလက်မှတ် ရရှိထားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ အရာထမ်း/ အမှုထမ်း ခုနစ်ဦးနှင့် ပြင်ပပညာရှင် နှစ်ဦးတို့သည်လည်း သက်ဆိုင်ရာသင်တန်းများ တက်ရောက်ပြီးဖြစ်ကာ စစ်ဆေးအကဲဖြတ်သူများအဖြစ် ဆောင်ရွက်ရန် ကော်မတီ၏ အသိအမှတ်ပြု

*စာမျက်နှာ ၇ သို့*

❂ ရော်ဘာထုတ်လုပ်မှု တိုးတက်လာရေးအတွက် ကျွမ်းကျင်အစေးခြစ်လုပ်သားများ ပိုမိုမွေးထုတ်ပေးနိုင်ရေး ဝိုင်းဝန်းအားပေး ဆောင်ရွက်ကြခြင်းဖြင့် ရော်ဘာထုတ်လုပ်မှုများ တိုးတက်လာမည်မှာ မလွဲကေန်ဖြစ်

❂ ထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ ပြည်တွင်းကုန်ကြမ်း လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်မည့်အပြင် ပြည်ပဈေးကွက် သေချာသောသီးနှံဖြစ်၍ ပြည်ပသို့ ပိုမိုတင်ပို့လာနိုင်မည်



သင်တန်းသားများ အစေးခြစ်လေ့ကျင့်နေစဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၁၈

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးက ရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပသွားမည်ဖြစ်ရာ အပိုင်း (၁) ပြုလုပ်မည့်နေ့ရက်နှင့်မြို့နယ်များကို ကြေညာပြီးဖြစ်၍ ဆက်လက်ကျင်းပမည့် အပိုင်းလိုက် နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည် ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီအားလုံး ဝင်ရောက်ယှဉ်ပြိုင်စေလိုသော်လည်း ဥပဒေနှင့် ညီညွတ်မှသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူစေရန်အတွက် သတ်မှတ်ကာလအတွင်း တင်ပြရမည့် ပါတီဝင်အင်အား၊ ဖွင့်လှစ်ရမည့် ပါတီရုံးခန်းအရေအတွက်များကို ပြင်ဆင်ဖြေလျှော့ပေးခဲ့သော်လည်း မတင်သွင်းနိုင်သည့် ပါတီ ၄ ပါတီကို ဖျက်သိမ်းခဲ့ရပါကြောင်း။

လွှတ်တော် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ရက်တိုးမြှင့်သတ်မှတ်ပေးနိုင်ရေး နိုင်ငံရေးပါတီများမှ တောင်းဆိုခြင်းများ ရှိခဲ့ပါကြောင်း၊ ကိုယ်စားလှယ်လောင်းတင်သွင်းရမည့် နောက်ဆုံးနေ့ရက်နှင့် ကိုယ်စားလှယ်လောင်းအရေအတွက်ကိုလည်း ပြင်ဆင်သတ်မှတ်ပေးခဲ့ပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် PR မဲဆန္ဒနယ်များအတွက် ဦးစားပေးအစီအစဉ်အတိုင်း ဖော်ပြထားသည့် ကိုယ်စားလှယ်လောင်း အမည်စာရင်းကို နိုဝင်ဘာ ၃၀ရက် မတိုင်မီ ကော်မရှင်သို့ ပေးပို့နိုင်ရေး အကြောင်းကြားပြီးဖြစ်၍ ထပ်မံအသိပေးပြောကြားလိုကြောင်း။

ပထမအကြိမ် မဲစာရင်းကပ်ထား ကြေညာခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ မဲစာရင်းပြုစုရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ရရှိသည့်စာရင်းအပေါ်တွင် အခြေခံ၍ Software များအသုံးပြု တိုက်ဆိုင်စစ်ဆေး ပြုစုခြင်းဖြစ်ပါကြောင်း၊ မဲစာရင်းနှင့်စပ်လျဉ်း၍ ကြေညာချက်များ၊ နှိုးဆော်ချက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန် ဆောင်ရွက်ထားပါကြောင်း၊ ယာယီနေရပ်စွန့်ခွာနေရသူများ မဲပေးနိုင်ရေးအတွက် ရောက်ရှိနေရာတွင် မဲပေးနိုင်ရေးနှင့် မူလနေရပ်သို့ ကြိုတင်မဲပေးနိုင်ရေး နည်းလမ်း နှစ်မျိုးဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲ မကျင်းပနိုင်သည့် ၅၆ မြို့နယ်ရှိ မဲဆန္ဒရှင်များအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပချိန်တွင် မဲပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် မဲစာရင်း ကပ်ထားကြေညာခြင်း မပြုမီ စိစစ်နိုင်ရေး နိုင်ငံရေးပါတီများသို့ ဖိတ်ကြားသွားမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ၏အသက်သည် မဲစာရင်းဖြစ်သည့်အတွက် နိုင်ငံရေး ပါတီများအနေဖြင့် ပူးပေါင်း ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုပါကြောင်း။

ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့နှင့်စပ်လျဉ်း၍ ကြေညာချက် ထုတ်ပြန်ပြီးဖြစ်၍ နိုင်ငံရေးပါတီများအနေဖြင့် ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲကျင်းပမည့် အပိုင်းတစ်ပိုင်းတည်းအတွက်မဟုတ်ဘဲ ရွေးကောက်ပွဲအပိုင်းအားလုံးအတွက် ယင်းကာလအတွင်း မဲဆွယ်စည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်သည့်အခါ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၀-က၊ နည်းဥပဒေအခန်း(၁၀)ပါ သတ်မှတ်ချက်များ၊ ရွေးကောက်ပွဲဥပဒေအခန်း(၁၃)ပါ ရွေးကောက်ပွဲဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များနှင့် အခန်း (၁၄) တွင် ပါသည့် တရားမဲ့ပြုကျင့်မှုများကို အထူးသတိပြုရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ပါတီဝင်များ၊ ပါတီထောက်ခံသူများကိုလည်း သိရှိအောင် အသိပေး ထိန်းကျောင်းရန် လိုအပ်ပါကြောင်း၊ သတ်မှတ်ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေများအရ အရေးယူခံရမည်ဖြစ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့် ငြိစွန်းခြင်း မရှိစေရေးကိုလည်း သတိပြုစေလိုပါကြောင်း။

လွှတ်တော် ၃ ရပ်တွင် ဝင်ရောက် ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအနေဖြင့် ရွေးကောက်ပွဲ ကုန်ကျစရိတ် ငွေကျပ်သိန်း တစ်ရာ့ငါးဆယ်၊ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးအနေဖြင့် ငွေကျပ်သိန်းသုံးရာအထိ သုံးစွဲခွင့်ရှိပါကြောင်း၊ ရွေးကောက်ပွဲ ကုန်ကျစရိတ်များကို စနစ်တကျမှန်ကန်စွာ စာရင်းပြုစုရေးသွင်းထားပြီး သတ်မှတ်ရက်အတွင်း သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၌ တင်သွင်းရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ထားသည့်ရက်အတွင်း မတင်သွင်းပါက ခုံအဖွဲ့ဖွဲ့၍ စစ်ဆေးပြီး အရည်အချင်း ပျက်ယွင်းသူအဖြစ် ထုတ်ပြန် ကြေညာသွားမည်ဖြစ်ပါ၍ ရွေးကောက်ပွဲ ကုန်ကျစရိတ်များကို အချိန်မီတင်သွင်းကြရန် မှာကြားလိုကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ ကော်မရှင်တစ်ခုတည်းဖြင့် ဆောင်ရွက်မရပါကြောင်း၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ လွတ်လပ်၍တရားမျှတပြီး အောင်မြင်သော ရွေးကောက်ပွဲဖြစ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၅၇ပါတီမှဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ် မဲစာရင်းအပါအဝင် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး တာဝန်ရှိသူများနှင့်တွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း မဲစာရင်းအပါအဝင် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်က ဒက္ခိဏသီရိမြို့နယ်အတွင်း ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ သေဆုံးစာရင်းများကို မဲစာရင်းမှ မှန်ကန်စွာ ပယ်ဖျက်နိုင်ရေး၊ မဲစာရင်းတွင် သေဆုံးစာရင်းများ မပါရှိစေရေး၊ မြေပြင်စာရင်းနှင့်မဲစာရင်း တူညီမှုရှိစေရေး၊ မြို့နယ် (Working Group) မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအဖွဲ့နှင့် ပူးပေါင်း၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရေး၊ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများ မဲပေးခွင့် မဆုံးရှုံးစေရေး ဌာနဆိုင်ရာများအနေဖြင့် ပေါင်းစပ်ဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**နေထက်ပိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

လက်မှတ်များရရှိထားပြီး ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်မှစ၍ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)တို့ ပူးပေါင်း၍ အမျိုးသားအဆင့် ရော်ဘာအစေးခြစ်လုပ်သား ကျွမ်းကျင်မှု အဆင့်(၁) သင်တန်းဖွင့်လှစ်ပေးခြင်း၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနတွင် ရော်ဘာအစေးခြစ်နည်းစနစ်များအား စာတွေ့၊ လက်တွေ့ သင်ကြားပြသပေးခြင်း၊ စစ်ဆေးအကဲဖြတ်သူများက ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်း၊ အောင်မြင်သူများအား NSSA မှ အသိအမှတ်ပြုလက်မှတ်များ ချီးမြှင့်ပေးခြင်းဖြင့် ကျွမ်းကျင်အစေးခြစ်လုပ်သားများ မွေးထုတ်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ အမျိုးသားအဆင့် ရော်ဘာအစေးခြစ်လုပ်သား ကျွမ်းကျင်မှုအဆင့်(၁) သင်တန်းအမှတ်စဉ် (၁၇) ကြိမ်အထိ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပြည်နယ်/တိုင်းဒေသကြီးများရှိ ပုဂ္ဂလိကရော်ဘာခြံများမှ ရော်ဘာအစေးခြစ်လုပ်သား အမျိုးသား ၄၀၄ ဦး၊ အမျိုးသမီး ၁၂၈ ဦး စုစုပေါင်း ၅၃၂ ဦးတို့အား ကျွမ်းကျင်ရော်ဘာအစေးခြစ်လုပ်သားများအဖြစ် မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ အသိအမှတ်ပြုလက်မှတ်ရရှိပြီးသော ကျွမ်းကျင်လုပ်သားများသည် သက်ဆိုင်ရာ ရော်ဘာခြံများသို့ ပြန်လည်ရောက်ရှိချိန်တွင် ခြံမှ အခြားအစေးခြစ်လုပ်သားများကို ဆင့်ပွားသင်တန်းပေးခြင်းဖြင့် နည်းပညာများ ဖြန့်ဖြူးပေးလျက်ရှိပါသည်။ ကျွမ်းကျင်ရော်ဘာအစေးခြစ်လုပ်သားများ ပိုမိုမွေးထုတ်ပေးနိုင်သည်နှင့်အမျှ စနစ်တကျ အစေးခြစ်လာနိုင်ခြင်းဖြင့် ရော်ဘာထုတ်လုပ်မှု ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

**ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှု အဆင့်(၁) သင်တန်းပေးခြင်းအစီအစဉ်**

ရော်ဘာအစေးခြစ်လုပ်သား ကျွမ်းကျင်မှု အဆင့်(၁) သင်တန်းဖွင့်လှစ်မည့် နေ့ရက်နှင့် ဖွင့်လှစ်မည့်အစီအစဉ်အား နိုင်ငံပိုင်သတင်းစာမှ ကြော်ငြာခေါ်ယူကြောင်း၊ ပြည်နယ်/တိုင်းဒေသကြီးများရှိ ပုဂ္ဂလိကရော်ဘာခြံများမှ အစေးခြစ်လုပ်သားများ သင်တန်းတက်ရောက်နိုင်ကြောင်း၊ သင်တန်းဆောင်တွင် အခမဲ့နေထိုင်ခွင့်၊ သင်တန်းသားဝတ်စုံနှင့် သင်ထောက်ကူပစ္စည်းများကို အခမဲ့ပံ့ပိုးပေးကာ ကျွမ်းကျင်သင်တန်းနည်းပြများက အခမဲ့သင်ကြားပေးကြောင်း၊ သင်တန်းသားတစ်ဦးလျှင် တစ်ရက်စားစရိတ်ကျပ် ၈၀၀၀ နှုန်းဖြင့် သင်တန်းကာလ ၁၅ ရက်အတွက် စားစရိတ်ကို သင်တန်းသားများက စရိတ်မျှခံပေးရမည်ဖြစ်ကြောင်း သိရှိရပါသည်။ တစ်ကြိမ်လျှင်သင်တန်းသား ၃၀ လက်ခံသင်ကြားပေးနေ၍ နောင်ဖွင့်လှစ်မည့် သင်တန်းအတွက် ကြော်ငြာခေါ်ယူချိန်တွင် စာရင်းပေးတက်ရောက်နိုင်ကြပါသည်။

သို့ဖြစ်ရာ ရော်ဘာထုတ်လုပ်မှုတိုးတက်လာရေးအတွက် ကျွမ်းကျင်အစေးခြစ်လုပ်သားများ ပိုမိုမွေးထုတ်ပေးနိုင်ရေး ဝိုင်းဝန်းအားပေးဆောင်ရွက်ကြခြင်းဖြင့် ရော်ဘာထုတ်လုပ်မှုများ တိုးတက်လာမည်မှာ မလွဲကေန်ဖြစ်ပါသည်။ ထုတ်လုပ်မှုတိုးတက်လာသည်နှင့်အမျှ ပြည်တွင်းကုန်ကြမ်း လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်မည့်အပြင် ပြည်ပဈေးကွက်သေချာသောသီးနှံဖြစ်၍ ပြည်ပသို့ပိုမို တင်ပို့လာနိုင်မည်ဖြစ်ပါသည်။ ရော်ဘာခြံရှင်များနှင့် အစေးခြစ်လုပ်သားများလည်း ဝင်ငွေတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်၍ နိုင်ငံတော်ရွှေသီးဖို့ ကျွမ်းကျင်အစေးခြစ်လုပ်သားများ မွေးထုတ်ပေးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

# ဒေသနှင့်နိုင်ငံတော်အတွက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး သင်ရိုးညွှန်းတမ်းများ အမြဲတမ်းသုံးသပ်၍ အဆင့်မြှင့်တင်နေရမည်



**နေပြည်တော် အောက်တိုဘာ ၁၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး) သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ နည်းပြဆရာ ဆရာမများကို တွေ့ဆုံသည်။

တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ်၊ သင်တန်းကျောင်းများ ကြီးကြပ်ရေးဌာန ညွှန်ကြားရေးမှူး၊ ကျောင်းအုပ်ကြီးတို့က ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် စက်မှုသင်တန်းကျောင်းရှိ ဝန်ထမ်းများ၊ မိသားစုဝင်များ မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု၊ စက်မှုကျွမ်းကျင် တစ်နှစ်သင်တန်းဖွင့်လှစ်၍ လေ့ကျင့်သင်ကြားနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက စက်မှုသင်တန်းကျောင်းများ အနေဖြင့် ကျွမ်းကျင်လုပ်သားများကို ပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းများသည် ကျွမ်းကျင်မှုအခြေခံ ပညာရေးစနစ်ဖြစ်သည့်အတွက် သင်တန်းသားများကို အမှန်တကယ် ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းမှ လေ့ကျင့်သင်ကြားပေးသည့် ပညာရပ်များကို သင်တန်းသား သင်တန်းသူများ အမှန်တကယ်တတ်မြောက်မှု ရှိ/မရှိ သိရှိစေရေးအတွက် အမြဲတမ်း ပြန်လည် ဆန်းစစ်ရမည်ဖြစ်ကြောင်း၊ ဒေသနှင့် နိုင်ငံတော်အတွက် လိုအပ်သော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းများ၊ လေ့ကျင့်သင်ကြားရေးစနစ်တို့ကိုလည်း အမြဲတမ်းသုံးသပ်၍ အဆင့်မြှင့်တင်နေရမည် ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် သင်တန်းသား သင်တန်းသူများအား လက်တွေ့လုပ်ငန်းခွင်တွင် အမှန်တကယ် ပြန်လည်အသုံးချနိုင်သည်အထိ လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ နည်းပြဆရာ ဆရာမများသည် သက်ဆိုင်ရာ နည်းပညာအထူးပြုဘာသာရပ်များကို ကျွမ်းကျင်သူများဖြစ်အောင် စဉ်ဆက်မပြတ် လေ့လာသင်ယူနေရမည် ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မကြာမီကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ဝန်ထမ်းများ၊ မိသားစုဝင်များအားလုံး ဆန္ဒမဲပေးနိုင်ရေး စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားပြီး သင်တန်းသားများအား စာတွေ့၊ လက်တွေ့ လေ့ကျင့် သင်ကြားပေးနေမှုနှင့် သင်ထောက်ကူ ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဆပ်ပြာစက်ရုံ (မန္တလေး)သို့ရောက်ရှိပြီး ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စက်ပစ္စည်းများ၊ အဆောက်အအုံများ ပြုပြင်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး အဆောက်အအုံများအား မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ-၂၀၂၅နှင့်အညီ တိတိကျကျ လိုက်နာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် စက်ပစ္စည်းကိရိယာများကိုလည်း သတ်မှတ်ထားသည့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (SoP) များအတိုင်း ဆောင်ရွက်ရန်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အမြန်ဆုံးစတင် ဆောင်ရွက်နိုင်ရေးအတွက် အချိန်ဇယားများရေးဆွဲပြီး ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန် - ပုဂံ ရထားလမ်းပိုင်းအတွင်း အမှတ်(၆၁)အဆန်၊ (၆၂)အစုန်လူစီးရထား ပြန်လည်ပြေးဆွဲမည်

**နေပြည်တော် အောက်တိုဘာ ၁၈**

၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရန်ကုန်-အောင်လံ-ပုဂံ ရထားလမ်းပိုင်းပေါ်ရှိ ဆတ်သွားနှင့် ကိုးပင်အကြား တံတားအမှတ် ၃၄၃ ရန်ပယ်ချောင်းကူးတံတားသည် ရေတိုက်စားပျက်စီးခဲ့ခြင်းကြောင့် ရန်ကုန်-အောင်လံ-ပုဂံ ပြေးဆွဲနေသော အမှတ် (၆၁) အဆန်/(၆၂) အစုန်ရထားများကို စက်တင်ဘာ ၃၀ ရက်မှစ၍ ယာယီရပ်နားထားခဲ့ရသည်။

မြန်မာ့မီးရထား အနေဖြင့် အဆိုပါပျက်စီးမှုများကို ဦးစားပေးပြုပြင်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားပြည်သူများ အဆင်ပြေစွာခရီးသွားလာနိုင်ရေးနှင့် ကုန်စည်များ အဆင်ပြေစွာ သယ်ယူပို့ဆောင်ပေးနိုင်ရေးအတွက် ပုဂံ-အောင်လံ - ရန်ကုန် လမ်းပိုင်းတွင် ပြေးဆွဲပေးခဲ့သော အမှတ် (၆၂) အစုန်ရထားကို အောက်တိုဘာ ၂၁ ရက်မှစတင်ပြီး ပုဂံ-ပျဉ်းမနား- ရန်ကုန်ခရီးစဉ်အဖြစ် ပြောင်းလဲ ပြေးဆွဲပေးသွားမည်ဖြစ်သည်။

အဆိုပါ အမှတ်(၆၂)အစုန် လူစီးရထားကို အောက်တိုဘာ ၂၁ ရက် (အင်္ဂါနေ့) ညနေ ၆ နာရီတွင် ပုဂံဘူတာမှ စတင်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အမှတ်(၆၁) အဆန် ရန်ကုန်-ပျဉ်းမနား-ပုဂံ ရထားကို အပတ်စဉ်သောကြာနေ့နှင့် အမှတ်(၆၂)အစုန် ပုဂံ-ပျဉ်းမနား - ရန်ကုန်ရထားကို အပတ်စဉ်အင်္ဂါနေ့တို့တွင် ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

အမှတ် (၆၁) အဆန်ရထားသည် ရန်ကုန်မှ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင်ထွက်ခွာပြီး ပုဂံသို့ နောက်တစ်နေ့ နံနက် ၆ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၆၂) အစုန်ရထားသည် ပုဂံမှ ညနေ ၆ နာရီထွက်ခွာ၍ ရန်ကုန်သို့ နောက်တစ်နေ့ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင်လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။

ခရီးစဉ် အစအဆုံးအတွက် လက်မှတ်ခအနေဖြင့် ရိုးရိုးတန်း ငွေကျပ် ၁၆၀၀၀၊ အထက်တန်း ငွေကျပ် ၂၆၀၀၀ နှင့် အိပ်စင်တစ်ဦးလျှင်ငွေကျပ် ၃၄၀၀၀ ဖြစ်ကြောင်းနှင့် လမ်းခရီးတစ်လျှောက်တိုးကြောင်ကလေး၊ ပဲခူး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ဖြူး၊ တောင်ငူ၊ ပျဉ်းမနား၊ လယ်ဝေး၊ ဆတ်သွား၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်၊ လေးအိမ်၊ သာမြား၊ ပင်းချောင်း၊ ကျောက်ပန်းတောင်း၊ ငါ့မင်းမေး၊ ဆုတည်ဘူတာတို့တွင် ရပ်တန့်မည်ဖြစ်သည်။

ရပ်တန့်မည့် ဘူတာများနှင့် လက်မှတ်ခ နှုန်းထားများကို ဘူတာများတွင် အသေးစိတ်ထုတ်ပြန်ကြေညာထားပြီးဖြစ်ပြီး ရိုးရိုးတန်းအတွက် လက်မှတ်များကို တစ်ရက်ကြိုတင်၍ လည်းကောင်း၊ အထက်တန်းနှင့်အိပ်စင်အတွက် လက်မှတ်များကိုသုံးရက်ကြိုတင်၍လည်းကောင်း ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား အနေဖြင့် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိက ရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်- မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင် လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ - ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား - တောင်တွင်းကြီးလမ်းပိုင်း၊ မြစ်ကြီးနား- မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း-သာရဝေါလမ်းပိုင်း စသည့် လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များ စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**






# မြန်မာနိုင်ငံတွင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၁၈

**မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံချစ်ကြည်ရေး တိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံသို့ လာရောက်ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ဘယ်လာရုစ်တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr. Vladimir Sukolinsky ဦးဆောင်သည့် အဖွဲ့ဝင်လေးဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဘယ်လာရုစ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။**

အဆိုပါအဖွဲ့ ပြန်လည်မထွက်ခွာမီ လေဆိပ်ဧည့်ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Alexander Osdrovskiy တို့က ဓာတ်ပုံမှတ်တမ်း Album၊ မှတ်တမ်းVideo DVD နှင့် အမှတ်တရ လက်ဆောင်ပစ္စည်းတို့ကို ပေးအပ်ကြသည်။

အဆိုပါ အနုပညာရှင်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်အတွင်း မန္တလေး၊ ပြင်ဦးလွင်၊ ရန်ကုန်နှင့် နေပြည်တော်တို့တွင် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အပတ်စဉ် တင်ဆက်လျက်ရှိသည့် Friday Night Live Show အစီအစဉ်တွင်လည်း ရုရှားသံရုံးမှ အနုပညာရှင်များနှင့်အတူ ပါဝင်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်တင့်မှ တိမ်ထူထပ်နေသည်။

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
ရက်
၇၀
သာ လိုတော့သည်။

- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်အား သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရရှိသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရရှိသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရရှိသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရရှိသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျ ကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

### လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက် ပုံစံ (၁၀)၊ ပုံစံ (၁၀ - က)နှင့် ပုံစံ (၁၀-ခ)များ ကပ်ထားကြေညာမည့်နေ့ရက် အသိပေးကြေညာခြင်း

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်

၁။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများတွင် ၈-၉-၂၀၂၅ ရက်နေ့မှ ၂၂-၉-၂၀၂၅ ရက်နေ့အထိ အမည်စာရင်း တင်သွင်းလွှာများကို တင်သွင်းခဲ့ကြပြီးဖြစ်ပါသည်။

၂။ အဆိုပါလွှတ်တော်ကိုယ်စားလှယ်လောင်းများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ၂၃-၉-၂၀၂၅ ရက်နေ့မှ ၄-၁၀-၂၀၂၅ ရက်နေ့အထိ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခြင်းကို ဆောင်ရွက်ခဲ့ကြပြီးဖြစ်၍ စိစစ်လက်ခံအတည်ပြုထားသော သက်ဆိုင်ရာ လွှတ်တော်မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက် ပုံစံ(၁၀)၊ ပုံစံ(၁၀-က)နှင့် ပုံစံ (၁၀-ခ) များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ၁၉-၁၀-၂၀၂၅ ရက်နေ့၌ တစ်ပြိုင်တည်း ကပ်ထားကြေညာမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီး Mr. Sergey Tsivilyov တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ (၈)ကြိမ်မြောက် ရုရှားစွမ်းအင်ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်(REW)သို့ တက်ရောက်နေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့က ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီး Mr. Sergey Tsivilyov နှင့်တွေ့ဆုံရာ တွေ့ဆုံဆွေးနွေးပွဲသို့ ရုရှားနိုင်ငံပိုင် စွမ်းအင်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သော INTER RAO Export နှင့် JSC RosGeo အဖွဲ့အစည်းများ၏ အကြီးအကဲများ ပါဝင်တက်ရောက်ကြသည်။



တွေ့ဆုံစဉ် စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ နည်းပညာများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ဘူမိရူပဗေဒနှင့် ရေနံအင်ဂျင်နီယာ ဘာသာရပ်နယ်ပယ်များတွင် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန်အတွက် လုပ်ငန်းခွင်လက်တွေ့သင်တန်းများ လက်ခံသင်ကြားပေးမည့်ကိစ္စများ၊ ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးဆိုင်ရာလုပ်ငန်းကိစ္စများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ သဘာဝဓာတ်ငွေ့သုံး Gas Turbine များ စွမ်းအားမြှင့်တင်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဉာဏ်ရည်တုနည်းပညာ (AI) အသုံးပြု၍ ပါးလွှာသဲကြောများမှ သဘာဝဓာတ်ငွေ့ထုတ်ယူရရှိရေး ရှေ့ပြေးစီမံကိန်း (Pilot Project to Extract Natural Gas From Thin Sands Using Artificial Intelligence Technology) အဖြစ် အဖျောက်သဘာဝဓာတ်ငွေ့မြေရှိ တွင်း ၅ တွင်းတွင် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံစွမ်းအင်ဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် JSC RosGeo ကုမ္ပဏီတို့အကြား လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုခြင်းကို နှစ်နိုင်ငံ စွမ်းအင်ဝန်ကြီးများရှေ့မှောက်တွင် လက်မှတ်ရေးထိုးသည်။ ယခုချုပ်ဆိုခဲ့သည့် စီမံကိန်းသည် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ဉာဏ်ရည်တုနည်းပညာ (AI)ကို အသုံးပြု၍ ပထမဆုံး ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေး လုပ်ငန်းများ ဆောင်ရွက်သည့် စီမံကိန်းတစ်ခုဖြစ်ပြီး သဘာဝဓာတ်ငွေ့ထုတ်ယူနိုင်ရန် အလားအလာကောင်းများရှိသည့် အဖျောက်သဘာဝဓာတ်ငွေ့မြေတွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် JSC RosGeo ကုမ္ပဏီမှ CEO ဖြစ်သူ Mr. Sergey Ratkov ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးရာ AI နည်းပညာအသုံးပြုပြီး GeoAudit Technology ဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူနိုင်သည့်အတွက် အကျိုးဖြစ်ထွန်းလျက်ရှိနေသည့် ရေနံမြေများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့အပါအဝင် မြေအောက်သယံဇာတများအား ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများအား စနစ်ကျစွာ စီမံခန့်ခွဲနိုင်ရန်နှင့် Potential ဧရိယာများ ဖော်ထုတ်နိုင်ရန်အတွက် ခေတ်မီနည်းပညာဖြင့် ဘူမိမြေပုံများရေးဆွဲသည့် နည်းပညာဆိုင်ရာကိစ္စရပ်များ၊ ရေနံအထွက်တိုးရှာဖွေခြင်းလုပ်ငန်းများနှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ ဘူမိဗေဒနှင့် ဘူမိရူပဗေဒနယ်ပယ်တွင် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန်အတွက် လုပ်ငန်းခွင်လက်တွေ့သင်တန်းများ စေလွှတ်နိုင်ရေးဆိုင်ရာကိစ္စများကို အမြင်ချင်းဖလှယ်ဆွေးနွေးပြီး JSC RosGeo ကုမ္ပဏီပိုင် ရုရှား State Geological Museum အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်း နိုင်ငံပိုင် Gaztroprom International Limited မှ General Director ဦးဆောင်သည့်အဖွဲ့နှင့်တွေ့ဆုံ၍ ထားဝယ်ရေနက်ဆိပ်ကမ်းတွင် ရေနံချက်စက်ရုံ တည်ဆောက်နိုင်ရေးအတွက် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ လိုအပ်သည့်ရေနံစိမ်းများရရှိရေးနှင့် ထွက်ရှိလာသည့် ရေနံထွက်ပစ္စည်းများကို ပြည်တွင်းတွင်သာမက ဒေသတွင်းနိုင်ငံများသို့ ဖြန့်ဖြူးရောင်းချပေးမည့် အလားအလာများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ အဆင့်မြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြီး သက်ဆိုင်ရာပညာရှင်များပါဝင်သည့် ဖြစ်နိုင်ခြေစွမ်းဆန်းစစ်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် စေလွှတ်မည့်ကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘာ့စာရင်းအင်းနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# လူတိုင်းအတွက် အရည်အသွေးပြည့်စာရင်းအင်း (Quality Statistics for Everyone)

*ချိုချိုဝင်း(စာရင်းအင်းပညာ)*

- **ခေတ်နှင့်လိုက်လျောညီထွေမှုရှိသည့် အချက်အလက်အသစ်များ ထုတ်လုပ်နိုင်ရန်၊ အချက်အလက်များ ပြည့်စုံလာစေရန်၊ ခေတ်မီနည်းပညာနှင့် စာရင်းအင်းဆိုင်ရာ Software များ အသုံးပြုစေရန်၊ စာရင်းအင်းပညာကျွမ်းကျင်သူများ ဖြစ်လာစေရန်နှင့် လူထုမှ အချက်အလက်အပေါ် ယုံကြည်စိတ်ချမှုရှိလာစေရန် စသည့်စိန်ခေါ်မှုများ ရှိနေဆဲဖြစ်**
- **အရည်အသွေးပြည့် စာရင်းအင်းသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးစီမံခန့်ခွဲမှု၊ သုတေသနဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခြေခံကျကျ ပံ့ပိုးပေးနိုင်သည့်အတွက် အခိုင်အမာ အားကိုးရာဖြစ်**
- **စာရင်းအင်းဆိုင်ရာ အဖွဲ့အစည်းများ၊ စာရင်းအင်းဌာနများနှင့် ပြည်သူအားလုံးတို့သည် အရည်အသွေးပြည့် စာရင်းအင်းများကို ဖန်တီးထုတ်လုပ်ရန်၊ ထိန်းသိမ်းရန် အမြဲကြိုးပမ်းရမည်**

စာရင်းအင်းအချက်အလက်များသည် နိုင်ငံနှင့် ပြည်သူအားလုံး၏ အကျိုးအတွက် အဓိကအခန်းကဏ္ဍမှ အထောက်အပံ့ပေးနေခြင်းကို အသိအမှတ်ပြုရန် ရည်ရွယ်ချက်ဖြင့် ကုလသမဂ္ဂအဖွဲ့က ပထမဆုံး ကမ္ဘာ့စာရင်းအင်းနေ့ကို ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် စတင်ကျင်းပခဲ့ပါသည်။ ကမ္ဘာ့စာရင်းအင်းနေ့ကို ငါးနှစ်လျှင် တစ်ကြိမ် ကျင်းပရန် သတ်မှတ်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ အခမ်းအနားများ ကျင်းပခဲ့ကြပါသည်။

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့သည် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့စာရင်းအင်းနေ့ဖြစ်ပြီး ကမ္ဘာ့စာရင်းအင်းနေ့၏ ဆောင်ပုဒ်မှာ လူသားတိုင်း အရည်အသွေးပြည့် စာရင်းအင်းအချက်အလက်များ ရယူသုံးစွဲနိုင်သည့် အခွင့်အရေးရရှိစေရန် ရည်ရွယ်ချက်ဖြင့် **လူတိုင်းအတွက် အရည်အသွေးပြည့် စာရင်းအင်းနှင့် အချက်အလက်များ (Quality Statistics and Data for Everyone)** ဟု ဖော်ပြထားပါသည်။

**အရည်အသွေးပြည့် စာရင်းအင်း**

ယနေ့ခေတ်တွင် သတင်းအချက်အလက် (Information) နှင့် ဒေတာ (Data) တို့သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍနှင့် စီးပွားရေးအဖွဲ့အစည်းများ၊ သုတေသနပညာရှင်များနှင့် ပြည်သူပြည်သားများအတွက် အလွန်အရေးကြီးသည့် အရင်းအမြစ်တစ်ခု ဖြစ်လာပါသည်။ စာရင်းအင်းမရှိလျှင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိကျမှန်ကန်စွာ တိုင်းတာနိုင်ခြင်း မရှိသကဲ့သို့ အရည်အသွေးမပြည့်မီသည့် စာရင်းအင်းများကလည်း မှားယွင်းသည့် ဆုံးဖြတ်ချက်များ ချမှတ်စေပြီး လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအဆင့်တွင် အကျိုးဆက်များ ကြီးမားစွာ ဖြစ်ပေါ်စေနိုင်ပါသည်။

ဒေတာများကို စနစ်တကျစုဆောင်းခြင်း၊ အဓိကအချက်အလက်များကို ခွဲခြားဖော်ထုတ်ခြင်းနှင့် အမှန်တကယ်အသုံးချနိုင်စေရန် လေ့လာဆန်းစစ်ခြင်းတို့သည် အရည်အသွေးပြည့် စာရင်းအင်း (Quality Statistics) အဖြစ် အသိအမှတ်ပြုခံရပါသည်။ စာရင်းအင်း၏ အရည်အသွေးကို တိကျမှန်ကန်မှု၊ ယုံကြည်စိတ်ချရမှု၊ အချိန်နှင့်တစ်ပြေးညီရရှိနိုင်မှု၊ သုံးစွဲသူလိုအပ်ချက်နှင့်ကိုက်ညီမှု၊ နှိုင်းယှဉ်နိုင်မှု၊ ရယူနိုင်မှု စသည်တို့ဖြင့် တိုင်းတာနိုင်သည်။

**အရည်အသွေးပြည့် စာရင်းအင်း၏ အဓိကအချက်များ**

**(က) တိကျမှန်ကန်မှု (Accuracy)**

- အချက်အလက်များသည် လက်တွေ့အခြေအနေ (မြေပြင်အခြေအနေ)နှင့် အနီးစပ်ဆုံးတူညီစေရမည်။
- အချက်အလက် ကောက်ယူ၊ စုစည်း၊ တွက်ချက်၊ ထုတ်ပြန်ဆောင်ရွက်သည့် အဆင့်တိုင်းတွင် ဖြစ်နိုင်ခြေရှိသည့် အမှားများကို အနည်းဆုံး ဖြစ်စေရမည်။

**(ခ) ယုံကြည်စိတ်ချရမှု (Reliability)**

- စာရင်းအင်းများကို တရားဝင်ထုတ်ပြန်ခွင့်ရှိသော အဖွဲ့အစည်းကသာ ထုတ်ပြန်ရမည်။
- စာရင်းအင်းအသုံးပြုသူများအနေဖြင့် အခိုင်အမာ အားကိုးနိုင်ရန်နှင့် ယုံကြည်စွာ သုံးစွဲနိုင်ရန် တရားဝင်စာရင်းအင်းများကို စနစ်တကျ ထုတ်ပြန်ပေးရမည်။

**(ဂ) အချိန်မီရရှိနိုင်မှု (Timeliness)**

- စာရင်းအင်း၏ အရည်အသွေးနှင့် တန်ဖိုးသည် ထုတ်ပြန်ပေးသည့် အချိန်ကာလအပေါ် များစွာမူတည်နေသည့်အတွက် အချိန်မီထုတ်ပြန်ပေးရမည်။
- အချက်အလက်များကို အသုံးပြုသူများ လိုအပ်သည့်အချိန်တွင် ထုတ်ပြန်ပေးနိုင်ခြင်းသည် စာရင်းအင်းအရည်အသွေး၏ အခြေခံလိုအပ်ချက်ဖြစ်သည်။

**(ဃ) သုံးစွဲသူလိုအပ်ချက်နှင့် ကိုက်ညီမှု (Relevance)**

- စာရင်းအင်းသည် သုံးစွဲသူတို့၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ဆောင်ရွက်ပေးနိုင်မှသာ ဆုံးဖြတ်ချက်ချခြင်း၊ မူဝါဒ ချမှတ်ခြင်းတို့ ဆောင်ရွက်နိုင်မည်။

**(င) နှိုင်းယှဉ်နိုင်မှု (Comparability & Consistency)**

- စာရင်းအင်းများကို နည်းပညာအသုံးပြု၍ ထုတ်လုပ်ပေးပြီး အချိန်ကာလအလိုက်၊ နေရာဒေသအလိုက် နှိုင်းယှဉ်အသုံးပြုနိုင်ရန် ဆောင်ရွက်ရမည်။

**(စ) ရယူနိုင်မှု (Accessibility)**

- စာရင်းအင်း သုံးစွဲသူများအတွက် လွယ်ကူစွာရယူနိုင်ပြီး အချက်အလက်များ၏ ခိုင်မာမှုကို Meta Data ဖြင့် ဖော်ပြပေးရမည်။

**အရည်အသွေးပြည့် စာရင်းအင်း၏ အရေးပါမှု**

**(က) နိုင်ငံတော်အပေါ် သက်ရောက်မှု**

- အရည်အသွေးပြည့် စာရင်းအင်းသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးဆိုင်ရာ စီမံခန့်ခွဲမှုများကို တိကျမှန်ကန်စွာ ဆုံးဖြတ်နိုင်ရန် အဓိက အားထားရမည့် အချက်အလက်ဖြစ်သည်။
- နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ မူဝါဒရေးဆွဲခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်း (M&E) ဆောင်ရွက်ခြင်းတို့တွင် အရည်အသွေးပြည့်စာရင်းအင်းက များစွာအထောက်အပံ့ပြုလျက်ရှိပါသည်။

**(ခ) စီးပွားရေးအပေါ် သက်ရောက်မှု**

- စီးပွားရေးလုပ်ငန်းများ၏ အောင်မြင်မှုအခြေအနေသိရှိရန်နှင့် ထိရောက်သော စီမံခန့်ခွဲမှု ဆောင်ရွက်နိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အရည်အသွေးပြည့် စာရင်းအင်းက လမ်းညွှန်ပေးလျက်ရှိပါသည်။

**(ဂ) လူမှုရေးအပေါ် သက်ရောက်မှု**

- တိကျမှန်ကန်သော လူဦးရေစာရင်း၊ ကျန်းမာရေးအချက်အလက်များနှင့် ပညာရေးအချက်အလက်များကို အသုံးပြု၍ လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် လူမှုဘဝသာယာဝပြောရေးအတွက် အစိုးရမှ ဆုံးဖြတ်ချက်နှင့် မူဝါဒများ ချမှတ်နိုင်သည်။

**(ဃ) ပညာရေးနှင့် သုတေသနအပေါ် သက်ရောက်မှု**

- သုတေသနပြုလုပ်ငန်းများဆောင်ရွက်ရာတွင် စာရင်းအင်းမှန်ကန်မှုမရှိပါက မှားယွင်းသောရလဒ်ကို ဖြစ်ပေါ်စေနိုင်သည်။
- အရည်အသွေးပြည့် စာရင်းအင်းဖြင့်သာ ကျွမ်းကျင်ပညာရှင်များက တိကျသော သုတေသနရလဒ်များ ထုတ်ပြန်နိုင်မည်။

**အရည်အသွေးပြည့် စာရင်းအင်းထုတ်လုပ်ရန် လိုအပ်သည့် အခြေခံအချက်များ**

**(က) စာရင်းများကို စနစ်တကျ စုစည်းခြင်း (Systematic Data Collection)**

- စာရင်းကောက်ယူရန် အသုံးပြုသည့် စနစ်၊ နည်းလမ်းများကို တိကျစွာ သတ်မှတ်ထားပြီး လိုက်နာကျင့်သုံးရမည်။

**(ခ) နည်းပညာအသုံးပြုခြင်း (Use of Technology)**

- အမှားများ လျော့နည်းစေသည့် ဒစ်ဂျစ်တယ်စနစ်များ၊ အလိုအလျောက် ဒေတာထည့်သွင်းစနစ်များကို အသုံးပြုရမည်။

**(ဂ) အဖွဲ့အစည်းအဆင့် အားကောင်းစေခြင်း (Institutional Strength)**

- တရားဝင်စာရင်းအင်းထုတ်လုပ်သည့် အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများသည် တာဝန်ယူမှု တာဝန်ခံမှုအပြည့်ဖြင့်လည်းကောင်း၊ ပူးပေါင်းချိတ်ဆက်မှု အားကောင်းစေခြင်းဖြင့်လည်းကောင်း ဆောင်ရွက်မှသာ အရည်အသွေးပြည့် စာရင်းအင်းရရှိနိုင်မည်။

**(ဃ) စွမ်းရည်တည်ဆောက်ခြင်း (Capacity Building)**

- စာရင်းအင်းဆိုင်ရာ ပညာရပ်များ သင်ကြားပေးခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လေ့ကျင့်ပေးခြင်း၊ သင်တန်းပေးခြင်းတို့ဖြင့် တိကျမှန်ကန်သော စာရင်းအင်းများကို ထုတ်လုပ်နိုင်မည်။

**(င) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (International Cooperation)**

- နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စာရင်းအင်းအရည်အသွေး တိုးတက်စေရန် စနစ်တကျဆောင်ရွက်ရမည်။

**စိန်ခေါ်မှုများ**

မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော စာရင်းအင်းစနစ်မှာ ဗဟိုချုပ်ကိုင်မှုလျှော့ချသော စာရင်းအင်းစနစ် (Decentralize Statistical System) ဖြစ်သောကြောင့် စာရင်းအင်းများကို သက်ဆိုင်ရာဌာနအလိုက် ပြုစုဆောင်ရွက်ကြရသည်။ အချို့သော စာရင်းအင်းအညွှန်းကိန်းများသည် ဌာနတစ်ခုတည်း၏ ဆောင်ရွက်မှုဖြင့် ပြည့်စုံမှုမရှိသည့်အတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းကောင်းဖြင့် ဆောင်ရွက်ကြရမည်။ အချက်အလက်များကို ထုတ်လုပ်ရာတွင်လည်း တူညီသော အဓိပ္ပာယ်ဖွင့်ဆိုချက်၊ တွက်ချက်မှုနည်းလမ်း၊ အသုံးပြုသည့် ယူနစ်စသည်တို့ တူညီစေရေး ညှိနှိုင်းဆောင်ရွက်နေရမည်ဖြစ်ပါသည်။

ခေတ်နှင့်လိုက်လျောညီထွေမှုရှိသည့် အချက်အလက်အသစ်များ ထုတ်လုပ်နိုင်ရန်၊ အချက်အလက်များပြည့်စုံလာစေရန်၊ ခေတ်မီနည်းပညာနှင့် စာရင်းအင်းဆိုင်ရာ Software များ အသုံးပြုစေရန်၊ စာရင်းအင်းပညာကျွမ်းကျင်သူများ ဖြစ်လာစေရန်နှင့် လူထုမှ အချက်အလက်အပေါ် ယုံကြည်စိတ်ချမှုရှိလာစေရန် စသည့်စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ပါသည်။

**အခိုင်အမာ အားကိုးရာ**

အရည်အသွေးပြည့် စာရင်းအင်းသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးစီမံခန့်ခွဲမှု၊ သုတေသနဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခြေခံကျကျ ပံ့ပိုးပေးနိုင်သည့်အတွက် အခိုင်အမာ အားကိုးရာဖြစ်ပါသည်။ ထို့ကြောင့် စာရင်းအင်းဆိုင်ရာ အဖွဲ့အစည်းများ၊ စာရင်းအင်းဌာနများနှင့် ပြည်သူအားလုံးတို့သည် အရည်အသွေးပြည့် စာရင်းအင်းများကို ဖန်တီးထုတ်လုပ်ရန်၊ ထိန်းသိမ်းရန် အမြဲကြိုးပမ်းရမည်။ အရည်အသွေးပြည့် စာရင်းအင်းဖြင့် လူမှုဘဝသာယာဝပြောရေးအတွက် ယုံကြည်စိတ်ချရသော ဆုံးဖြတ်ချက်များ၊ မူဝါဒများ ချမှတ်နိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု အောင်ပွဲရပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၁၈**

(၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု အောင်ပွဲရပြိုင်ပွဲဝင်များအား ဂုဏ်ပြုသည့် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ၊ အနုပညာရှင်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး (၂၆)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် (အဆင့်မြင့်ပညာအဆင့်) ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ၊ (အဆင့်မြင့်ပညာအဆင့်) အရေးပြိုင်ပွဲနှင့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း ) စောင်းအတီးပြိုင်ပွဲတို့တွင် ရွှေတံဆိပ်ဆုရရှိကြသူများကို ဂုဏ်ပြုဆုလက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဘာသာရပ်အလိုက် နိုင်ငံတော်အဆင့် ပထမ၊ ဒုတိယ၊ တတိယဆုများ ရရှိခဲ့ကြသည့် တိုင်းဒေသကြီးကိုယ်စားပြု အောင်ပွဲရပြိုင်ပွဲဝင်များထံ ဂုဏ်ပြုဆုလက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး နိုင်ငံတော်အဆင့်ပြိုင်ပွဲကြီးတွင် ရွှေတံဆိပ်ဆုရ ပြိုင်ပွဲဝင်များ၏ အဆို၊ အက၊ အတီးများဖြင့် ပြန်လည်သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ စစ်ကိုင်းတောင်ရိုးရှိ သီတဂူဝိပဿနာ ကမ္ဘာ့ဌာန်းရိပ်သာသို့ သွားရောက်ပြီး သီတဂူကမ္ဘာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော်ကြီးထံ တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စူဠာမဏိကောင်းမှုတော် စေတီတော်မြတ်ကြီး ပြန်လည် မွမ်းမံတည်ဆောက်နေမှု၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်မွမ်းမံနေမှုများနှင့် သာသနာ့ဗိမာန်တော်ကြီး ပြုပြင်ပြီးစီးမှု၊ စစ်ကိုင်းမြို့ရှိ မဟိယင်္ဂဏစေတီတော်မြတ်ကြီးနှင့် စေတီလှစေတီတော်မြတ်ကြီး အသစ်ပြန်လည်မွမ်းမံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# (၈၇) ကြိမ်မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

(၈၇) ကြိမ်မြောက် တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း၌က သီးနှံမျိုးရွေးချယ်မွေးမြူသည့် လုပ်ငန်းများတွင် အတွေ့အကြုံရှိ အပင်မျိုးမွေးမြူပညာရှင်များနှင့် ပူးပေါင်းပါဝင်သည့် တောင်သူများ၏ ကဏ္ဍသည် အထူးအရေးကြီးပါကြောင်း၊ အပင်မျိုးမွေးမြူရေးမှ ရရှိလာသော မျိုးအသစ်များသည် အထွက်နှုန်းမြင့်မားခြင်း၊ မတူညီသော ပတ်ဝန်းကျင်နှင့် စိုက်ပျိုးသည့် အခြေအနေပေါ်တွင် ကောင်းစွာ ဖြစ်ထွန်းခြင်းစသည့် ထူးခြားသည့် အရည်အချင်း လက္ခဏာများကို ပိုင်ဆိုင်လာကြမည်ဖြစ်ကာ မျိုးသစ်ထုတ်လုပ်ခြင်းဖြင့် စားရေရိက္ခာဖူလုံစေမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခ ဌာနမှူးက အပင်မျိုးစပ် မွေးမြူခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် အပင်မျိုးစပ် မွေးမြူခြင်း ဆောင်ရွက်ရန် လိုအပ်မှု၊ သီးနှံမျိုးသစ်ရရှိရန် မျိုးမွေးမြူရမည့် နည်းပညာဆိုင်ရာများနှင့် အပင်မျိုးစပ်မွေးမြူခြင်း လုပ်ငန်းတွင် ဆောင်ရွက်ရမည့် အဆင့်များ၊ မျိုးသစ်မျိုးကောင်းတစ်မျိုး ရစေရန် ဆောင်ရွက်ရသည့် နည်းလမ်းများ၊ အပင်မျိုး မွေးမြူခြင်း လုပ်ငန်းများတွင် တောင်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ အရည်အသွေးကောင်း မျိုးစေ့၏ အရေးပါပုံ၊ မျိုးသစ်များကို ရွေးချယ်စိုက်ပျိုးရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များကို တင်ပြဆွေးနွေးသည်။



အဆိုပါ ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့မှ ပညာရှင်များ၊ သုတေသီများနှင့် စိုက်ပျိုးရေး တောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ စိုက်ပျိုးရေး ပညာရှင်များ၊ ပျဉ်းမနား၊ သထုံ၊ ကျောက်တော်၊ သာယာဝတီ၊ ပွင့်ဖြူ၊ မြောင်းမြ၊ ပုသိမ်ကြီး၊ လုံပီး စိုက်ပျိုးမွေးမြူရေးသိပ္ပံကျောင်းများမှ ဆရာ ဆရာမများနှင့် တောင်သူများက Zoon Point (၁၀၀) မှ ပါဝင်တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

သီပေါမြို့နယ်တစ်ဝိုက်အား အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ဒေသခံ တိုင်းရင်းသားပြည်သူများအနေဖြင့် အိုးအိမ်တိုက်တာ စည်းစိမ်များကို စွန့်ခွာတိမ်းရှောင်နေကြရပြီး ၎င်းတို့၏ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် အဘက်ဘက်မှနိမ့်ကျမှုများ၊ တိုက်ပွဲ၏ အနိဋ္ဌာရုံများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုများကြောင့် တပ်မတော်က သီပေါဒေသ တစ်ဝိုက်အား အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ ဝမ်းမြောက်စွာ ကြိုဆိုလက်ခံကြပြီး ယာယီနေရပ်စွန့်ခွာ နေထိုင်ခဲ့ရသည့် ဒေသခံတိုင်းရင်းသားပြည်သူအချို့မှာလည်း ၎င်းတို့၏ နေရပ်ဒေသများသို့ အားချင်းပြန်လည်ဝင်ရောက်လျက်ရှိကြကြောင်း သိရှိရသည်။



တပ်မတော်စစ်ကြောင်းများအနေဖြင့် သီပေါမြို့နယ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းပျော်ရွှင်စွာ လူမှုစီးပွားဘဝအတွက် ရှာဖွေလုပ်ကိုင်စားသောက်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများပြန်လည်လည်ပတ်နိုင်ရေး၊ ၎င်းတို့၏ မြို့/ရွာများရှိ နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ယုတ်မာရိုင်းစိုင်းစွာ၊ အသိတရားကင်းမဲ့စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့သည့် ရုံး/ဌာန အဆောက်အအုံများ၊ လူနေအဆောက်အအုံများ၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရေးနှင့် အကြမ်းဖက်သမားများ ရက်စက်ယုတ်မာစွာ လုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းရှင်းစေရန် မြို့/ရွာများအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဒေသခံပြည်သူလူထုအား လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများသည် ယနေ့တွင် သီပေါမြို့သို့ ရောက်ရှိလာကြရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြသည်။

ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့်လည်း စစ်၏ဆိုးကျိုးများကို ကိုယ်တိုင်ကိုယ်ကျကြုံတွေ့ခဲ့ကြရသဖြင့် ငြိမ်းချမ်းမှုကိုသာ လိုလားကြောင်း၊ ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးငယ်များ၏ ပညာသင်ယူခွင့်တို့ကိုလည်း ယခင်ငြိမ်းချမ်းစဉ်ကာလကဲ့သို့ပင် ပုံမှန်ပြန်လည်လည်ပတ်စေရန် မျှော်လင့်ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် အဘက်ဘက်က ပျက်စီးဆုံးရှုံးခဲ့ရသည့် သီပေါမြို့အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် တပ်မတော်နှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းအပြင် အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ၊ ရုံး/ဌာန အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို တပ်မတော်နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် တပ်မတော်စစ်ကြောင်းများကလည်း ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# နိုဘယ်ဆုရ ရူပဗေဒပညာရှင် ချန်နင်းယန် အသက် (၁၀၃) နှစ်တွင် ကွယ်လွန်

**ပေကျင်း အောက်တိုဘာ ၁၈**

တရုတ်နိုင်ငံ သိပ္ပံအကယ်ဒမီ၏ ပညာရှင်အဖွဲ့ဝင် နိုဘယ်ဆုရှင်နှင့် ရူပဗေဒပညာရှင် ပါမောက္ခချန်နင်းယန်သည် ပေကျင်းမြို့၌ အောက်တိုဘာ ၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း ဆင်ဟွာ တက္ကသိုလ်မှ ထုတ်ပြန်သည်။ ၎င်းသည် ကွယ်လွန်ချိန်တွင် အသက် (၁၀၃) နှစ်ရှိပြီဖြစ်သည်။

ပါမောက္ခယန်ကို ၁၉၂၂ ခုနှစ်တွင် တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ် ဟေဖေးမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၄၀ ပြည့်လွန်နှစ်များအတွင်း အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ပညာသင်ယူခဲ့ပြီး နောက်ပိုင်းတွင် နိုင်ငံအချို့ရှိ တက္ကသိုလ်များတွင် သင်ကြားရေးတာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ရူပဗေဒဆိုင်ရာ နိုဘယ်ဆုကို ရရှိခဲ့သည်။ ယန်နှင့် ရောဘတ် မေးလ်တို့ မိတ်ဆက်ပေးခဲ့သော Yang-Mills gauge သီအိုရီသည် ၂၀ ရာစု ရူပဗေဒပညာရပ်ဆိုင်ရာ အရေးအကြီးဆုံး အောင်မြင်မှုများထဲမှ တစ်ခုဖြစ်သည်။

၎င်းသည် တရုတ်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီး နှစ်ပေါင်း ၂၀ ကျော်အကြာတွင် ဆင်းဟွာတက္ကသိုလ်၌ သင်ကြားပို့ချပေးခဲ့ပြီး ပါရဂူကျောင်းသားများ မွေးထုတ်ရေး၊ ထူးချွန်ကျောင်းသားများ ပြုစုပျိုးထောင်ရေးနှင့် နိုင်ငံတကာပညာရပ်များ ဖလှယ်မှုများ မြှင့်တင်ရေးစသည့် အရေးကြီးသော ပံ့ပိုးကူညီမှုများ ပြုလုပ်ခဲ့သည်။ **ဆင်ဟွာ**



# မက္ကဆီကိုနှင့် အီးယူကုန်သွယ်ရေးသဘောတူညီချက် ၂၀၂၆ ခုနှစ်တွင် စတင်အကျိုးသက်ရောက်မည်

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၈**

မက္ကဆီကို၏ ဥရောပသမဂ္ဂနှင့်ပြုလုပ်ထားသည့် ကုန်သွယ်ရေးသဘောတူညီချက်အသစ်သည် လာမည့်လအနည်းငယ်အတွင်း လက်မှတ်ရေးထိုးပြီးနောက် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်အသက်ဝင်လာမည်ဟု မက္ကဆီကိုသမ္မတ ကလောဒီယာရှိန်းဘာန်းက အောက်တိုဘာ ၁၇ ရက်တွင် ကြေညာခဲ့သည်။

၂၀၀၀ ပြည့်နှစ်က ချုပ်ဆိုခဲ့သည့် အီးယူ-မက္ကဆီကို ကမ္ဘာလုံးဆိုင်ရာသဘောတူညီချက်၏ နေရာတွင် အစားထိုးမည့် ခေတ်မီပြုပြင်ထားသည့် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်သည် ထုတ်ကုန်များစွာကို အကောက်ခွန်လျှော့ချပေးမည်ဖြစ်ရာ စိုက်ပျိုးရေးထုတ်ကုန်များနှင့် စက်မှုထုတ်ကုန်များအပါအဝင် မက္ကဆီကိုမှ ဥရောပသို့တင်ပို့မှုများအတွက် အကျိုးကျေးဇူးများစွာရှိမည်ဟု သမ္မတရှိန်းဘာန်းက ပြောသည်။

ဥရောပကောင်စီ၏ ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ်အတွင်း ဥရောပသမဂ္ဂနှင့် မက္ကဆီကိုကြား ကုန်သွယ်မှုသည် ယူရို ၆၄ ဒသမ ၈၂ ဘီလီယံ ထက်မကရှိခဲ့ပြီး ဥရောပသမဂ္ဂသည် မက္ကဆီကို၏တတိယမြောက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံ ဖြစ်လာခဲ့သည်။ **ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံခန့်ရှိ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၈**

ပါကစ္စတန်နိုင်ငံ၌ မကြာသေးမီက နိုင်ငံတစ်ဝန်း ပျက်စီးဆုံးရှုံးမှု အကြီးအကျယ်ဖြစ်ပေါ်စေခဲ့သော ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံခန့်ရှိကြောင်း စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီး အာဆန်အစ်ခ်ဘဲလ်က ပြောသည်။

စိုက်ပျိုးရေးကဏ္ဍတွင် ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၃ ဘီလီယံခန့်နှင့် အခြေခံအဆောက်အအုံကဏ္ဍတွင် ပျက်စီးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံခန့်အပါအဝင် ပဏာမပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံခန့်ရှိသည်ဟု ၎င်းက ပြောသည်။

ထို့အပြင် ရေကြီးရေလျှံမှုကြောင့် နိုင်ငံတစ်ဝန်း နေအိမ်ပေါင်း ၂၉၀၀၀ ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့သည့်အပြင် တံတားအစင်း ၇၉၀၊ အများပြည်သူဆိုင်ရာ အဆောက်အအုံ ၁၂၉ လုံး၊ ပညာရေးဆိုင်ရာ အဆောက်အအုံ ၂၅၇ လုံး၊ ကျန်းမာရေးဌာန ၂၄ ခု၊ စီးပွားရေးဇုန်နှင့် ဈေးဆိုင်ခန်း ၁၂၅၇ ခု၊ ရေပေးဝေရေးလုပ်ငန်း၊ ရေအရင်းအမြစ်၊ ရေသွယ်လှောင်ကန်များအပါအဝင် ရေအခြေခံအဆောက်အအုံနေရာ ၈၆ ခုလည်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဝန်ကြီးအာဆန်အစ်ခ်ဘဲလ်က ဆက်ပြောသည်။ **ဆင်ဟွာ**



ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘာလူချစ္စတန်ပြည်နယ် ဆိုဘတ်ပါမြို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားစဉ်။




# ပဋိပက္ခပြေငြိမ်းသော်လည်း ဂါဇာဒေသခံများ နာလန်ထူရန် ရုန်းကန်နေကြရ

**ဂါဇာ အောက်တိုဘာ ၁၈**

ဂါဇာကမ်းမြောင်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှုရရှိသည်မှာ သီတင်းတစ်ပတ်ကျော်လွန်လာပြီ ဖြစ်ကြောင်း၊ အစ္စရေးနှင့် ဟားမားစ်တို့အကြား ပဋိပက္ခ ထပ်မံဖြစ်ပွားခြင်း မရှိတော့ကြောင်း သိရသည်။

တောင်ပိုင်း ဒေသများတွင် တိမ်းရှောင် ခိုလှုံနေကြသော ဒေသခံပြည်သူများမှာ ၎င်းတို့၏ နေအိမ်များဆီသို့ ယခင်ကထက် ပိုမိုများပြားသည့် ပမာဏဖြင့် ပြန်လည်ဝင်ရောက်လျက်ရှိသည်။ ယခုအခါတွင် ဒေသခံများမှာ အပျက်အစီးများကို ဖယ်ရှားရှင်းလင်းပြီး ယာယီနေအိမ်များ ဆောက်လုပ်ရန် ကြိုးစားနေကြောင်း သိရသည်။

ပဋိပက္ခတစ်ရပ် ပြီးဆုံးသွားသော်လည်း အသက်ရှင်ရပ်တည်ရန်အတွက် ရေ၊ လျှပ်စစ်နှင့် စားရေရိက္ခာ ရှာဖွေရတော့မည့် နောက်ထပ် ပဋိပက္ခတစ်ရပ်က လာတော့မည်ဖြစ်ကြောင်း နေအိမ်ဆုံးရှုံးသွားသည့် ဒေသခံတစ်ဦးက ပြောသည်။

နိုင်ငံတကာ၏ ထောက်ပံ့ကူညီမှုများ ပြည်တွင်းဈေးကွက်သို့ ပြန်လည်ဝင်ရောက်လာပြီဖြစ်၍ ပြည်သူများအနေဖြင့် ၎င်းတို့ရှင်သန်ရေးအတွက် လိုအပ်သော ပစ္စည်းများကို ဝယ်ယူရရှိနိုင်တော့မည်ဖြစ်သည်။

ယခုအခါ ဟားမားစ်အဖွဲ့လက်နက်ဖြုတ်သိမ်းရေးနှင့် ဂါဇာကမ်းမြောင်မှ အစ္စရေးတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးတို့ပါဝင်သည့် ဒုတိယအဆင့်သို့ ရောက်ရှိရန် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်သည်လုံလောက်သော အတိုင်းအတာတစ်ခုအထိ တည်တံ့နေမည်လား ဆိုသည့်အပေါ် မေးခွန်းထုတ်မှုများလည်းရှိနေကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ၌ တုပ်ကွေးရောဂါဖြစ်ပွားမှု ၅၀ ရာခိုင်နှုန်းတိုးလာ

**တိုကျို အောက်တိုဘာ ၁၈**

ဂျပန်နိုင်ငံ၌ တုပ်ကွေးရောဂါကာကွယ်ရေး ကြိုတင်လုပ်ဆောင်မှုများပြုလုပ်ထားကြရန် ကျန်းမာရေးအာဏာပိုင်များက တိုက်တွန်းထားသည်။

တစ်နိုင်ငံလုံးအနှံ့ တုပ်ကွေးရောဂါဖြစ်ပွားမှုမှာ ယခင်အပတ်ကနှင့် နှိုင်းယှဉ်လျှင် ၅၀ ရာခိုင်နှုန်း တိုးလာသည်ဟု ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ပြီးခဲ့သည့် သီတင်းပတ် အောက်တိုဘာ ၁၂ ရက်အထိ တစ်ပတ်အတွင်း နိုင်ငံတစ်ဝန်း ဆေးရုံပေါင်း ၃၀၀၀ ကျော်၌ တုပ်ကွေးလူနာ ၉၀၄၇ ဦးရှိသည်ဟု ဂျပန်နိုင်ငံ၏ ကျန်းမာရေးဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းနှင့် အခြားသော အဖွဲ့အစည်းများက ပြောသည်။

**ပျမ်းမျှတုပ်ကွေးလူနာ**

ဆေးရုံတစ်ခုလျှင် ပျမ်းမျှ တုပ်ကွေးလူနာ ၂ ဒသမ ၃၆ ဦး ရှိပြီး ခရိုင်ပေါင်း ၄၇ ခုအနက် ၄၄ ခုတွင် တုပ်ကွေးလူနာ အရေအတွက် မြင့်တက်လာခဲ့သည်။

**တုပ်ကွေးကာကွယ်ဆေး ထိုးကြရန်တိုက်တွန်း**

လက်ဆေးခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ခြင်းစသည့် တုပ်ကွေးကာကွယ်ရေးနည်းလမ်းများလိုက်နာရန်နှင့်တုပ်ကွေးကာကွယ်ဆေးထိုးကြရန် ပြည်သူများကို ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းထားသည်။ **ဆင်ဟွာ**

# ပါကစ္စတန်နှင့် အီရတ်မှ အာဖဂန်အကျဉ်းသား ၁၇၀ အာဖဂန်သို့ ပြန်လည်ရောက်ရှိ

**ကဘူးလ် အောက်တိုဘာ ၁၈**

ပါကစ္စတန်နှင့် အီရတ်တို့၌ အကျဉ်းကျနေသည့် အာဖဂန်အကျဉ်းသား ၁၇၀ ကို အောက်တိုဘာ ၁၇ ရက်က ပြန်လွှတ်ပေးခဲ့ပြီး နေရပ်သို့ ပြန်ပို့ပေးခဲ့ကြောင်း အာဖဂန်ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၈ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်တွင် နှစ်လကြာ ထိန်းသိမ်းခံထားရသော အကျဉ်းသား ၁၄၈ ဦးသည် တောင်ပိုင်း ကန်ဒါဟာပြည်နယ်ရှိ စပင်ဘိုးဒက်ခ်နယ်စပ်ဂိတ်မှ တစ်ဆင့် ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ပြောကြားသည်။

ထို့ပြင် အီရတ်တွင် ခုနစ်လကြာ အကျဉ်းချခံထားရသည့် အခြားအကျဉ်းသား ၂၂ ဦးသည် အနောက်ပိုင်း နင်မရော့ဇ်ပြည်နယ်ရှိ ပူးလ်အီးအက်ဘရက်ရှမ် နယ်စပ်ဂိတ်မှတစ်ဆင့် ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်သည်။

အာဖဂန်နိုင်ငံသား ၁၀၀၀၀ ကျော်သည် ပြည်ပတွင် အကျဉ်းချခံနေရပြီး အများစုမှာ အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့တွင်ဖြစ်ကြောင်း အာဖဂန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဇူလိုင်လက ထုတ်ပြန်သည့် အချက်အလက်များတွင် ဖော်ပြသည်။ **ဆင်ဟွာ**

## တောင်ကြီးမြို့နယ် နောင်လေကျေးရွာအုပ်စုနှင့် ဖက်ကွန်ကျေးရွာအုပ်စုရှိ ကျေးရွာခြောက်ရွာ ဓာတ်အားစတင်ရရှိ



**နေပြည်တော် အောက်တိုဘာ ၁၈**

တောင်ကြီးမြို့နယ် နောင်လေကျေးရွာအုပ်စုနှင့် ဖက်ကွန်ကျေးရွာအုပ်စုရှိ ကန်လောင်း၊ ထီဝမ်(ထီဝေါ)၊ ငိုမွူး၊ ထီခြုံ၊ ဖက်ကွန်နှင့် ပုတ်ပြား စသည့် ကျေးရွာခြောက်ရွာတွင် လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာနေပြည်သူများ လျှပ်စစ်ဓာတ်အား စတင်အသုံးပြုသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် တောင်ကြီးမြို့နယ် ငိုမွူးကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး၊ ပြည်နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က တောင်ကြီးမြို့နယ် နောင်လေကျေးရွာအုပ်စုနှင့် ဖက်ကွန်ကျေးရွာအုပ်စုရှိ ကျေးရွာများအတွက် လျှပ်စစ်မီးခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျေးရွာများအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားကို စတင်အသုံးပြုနိုင်တော့မည်ဖြစ်၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စစ်အသိ၊ လျှပ်စစ်သတိဖြင့် အသုံးပြုကြရန် မှာကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ငိုမွူးဘုန်းတော်ကြီးကျောင်းသို့သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ငလျင်ဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများဆွေးနွေး



**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့မှ ဆောင်ရွက်နေသော ငလျင်တုံ့ပြန်ဆောင်ရွက်ရေး ဆိုင်ရာ Myanmar Earthquake – (၄)ကြိမ်မြောက် Movement Partner Call ကို ယမန်နေ့မွန်းလွဲပိုင်းက Hybrid ပုံစံဖြင့် ပြုလုပ်သည်။

တွေ့ဆုံပွဲ၌ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က ရန်ကုန်ရုံးခွဲမှလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ Deputy Director for Operation ဖြစ်သူ Mr. Pascal Hundt ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) မှ Under Secretary General for National Society Development and Operations Coordination ဖြစ်သူ Mr. Xavier Castellanos Mosquera တို့က ဂျီနီဗာမြို့မှလည်းကောင်း တက်ရောက်ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာတင်မောင်လှိုင်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de BAECQUE နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Nadia Khoury တို့က ငလျင်ဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အလုပ်အမှုဆောင်များ၊ ဒုတိယအထွေထွေအတွင်းရေးမှူး၊ လက်ထောက်အထွေထွေအတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအသင်း၊ ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်း၊ နော်ဝေနိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာသတင်းမီဒီယာကိုယ်စားလှယ်အဖွဲ့ Shanghai Global News Network သို့ သွားရောက်လေ့လာ

**ရှန်ဟိုင်း အောက်တိုဘာ ၁၈**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ရောက်ရှိနေသည့် မြန်မာနိုင်ငံမှ သတင်းမီဒီယာ ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၆ ရက် မွန်းလွဲပိုင်းက Shanghai Global News Network (SGNN) သို့ ရောက်ရှိကာ တရုတ်နိုင်ငံ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ စီးပွားရေးရာ စသည်တို့ကို နိုင်ငံတကာက သိရှိစေရန်အတွက် တရုတ်ဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားများဖြင့် လစဉ်စာစောင်များ၊ ရုပ်မြင်သံကြား၊ ဝက်ဘ်ဆိုက်နှင့် လူမှုမီဒီယာတို့အပြင် မိုဘိုင်းအက်ပလီကေးရှင်းများမှတစ်ဆင့် တင်ဆက်လျက်ရှိမှု၊ Live Sale ထုတ်လွှင့်မှု၊ AI နည်းပညာအသုံးပြုကာ ပရိုဂရမ်များရိုက်ကူးမှု၊ လူငယ်များအတွက် သတင်းအပြင် ဗဟုသုတများ ရရှိစေမည့် အွန်လိုင်းသတင်းမီဒီယာ The Paper ထူထောင်၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နည်းပညာ၊ သုံးသပ်ချက်များ တင်ဆက်လျက်ရှိမှုတို့ကို လေ့လာခဲ့ကြသည်။



အလားတူ မြန်မာသတင်းမီဒီယာ ကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းမြို့ရှိ ဂျပန်ကျူးကျော်စစ်အထိမ်းအမှတ်ပြတိုက်သို့ သွားရောက်ပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် စစ်ပွဲဆိုင်ရာ အချက်အလက်များ၊ ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်းပစ္စည်းများ၊ သမိုင်းဝင်စာရွက်စာတမ်းများနှင့် ဓာတ်ပုံများ၊ စစ်အတွင်း ကြေးနန်းစာများ၊ အမိန့်များ၊ တိုက်ပွဲအကျဉ်းချုပ်များနှင့် တိုက်ပွဲဝင်စစ်သားများမှ ၎င်းတို့၏ မိသားစုများသို့ ပေးပို့စာများကို လေ့လာခဲ့ကြသည်။ အဆိုပါ ပြတိုက်ကို တရုတ်-ဂျပန် Songhu စစ်ပွဲအတွင်း ကျဆုံးခဲ့သည့် စစ်သည်များအား ဂုဏ်ပြုရန်နှင့် လူငယ်မျိုးဆက်သစ်များအနေဖြင့် သမိုင်းမှန်သိရှိစေပြီး တရုတ်နိုင်ငံအပေါ် သစ္စာရှိစေရန်၊ ငြိမ်းချမ်းရေးကို တန်ဖိုးထားတတ်စေရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ညပိုင်းတွင် မြန်မာသတင်းမီဒီယာ ကိုယ်စားလှယ်အဖွဲ့သည် ဟွမ်ဖူမြစ်အတွင်း အပျော်စီးသင်္ဘောဖြင့် မြစ်ကမ်းအရှေ့နှင့် အနောက်ဘက်ရှိ ဂန္ထဝင်ဥရောပ အဆောက်အအုံများ၊ ခေတ်မီ မိုးမျှော်တိုက်ကြီးများ၊ ရောင်စုံမီးများဖြင့် လှပစွာဆင်ယင်ထားသည့် ရှန်ဟိုင်းမြို့ ညအလှများကို လည်ပတ်လေ့လာကြည့်ရှုခဲ့ကြသည်။ မြန်မာသတင်းမီဒီယာကိုယ်စားလှယ်အဖွဲ့သည် အဖွဲ့ဝင် ၁၁ ဦးဖြင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပေါက်ဖော်ဆက်ဆံရေးနှင့် သတင်းမီဒီယာဖလှယ်မှုကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် အောက်တိုဘာ ၁၃ ရက်မှ ၁၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်ကျင်းမြို့နှင့် ရှန်ဟိုင်းမြို့တို့ရှိ အထင်ကရနေရာများသို့ ငါးရက်ကြာ ခရီးစဉ်အဖြစ် လည်ပတ်လေ့လာခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**ဇေယျာ**

## မိုင်းဖြတ်မြို့နယ် ကျေးရွာများ၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ ကွင်းဆင်းအသိပညာပေး

**မိုင်းဖြတ် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့တွင် ကောင်းမှုကျေးရွာ၊ ဘိုရှီးကျေးရွာနှင့် လကပ်ကျေးရွာတို့၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးက အသက်(၁၈)နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်မဆုံးရှုံးရေးဆောင်ရွက်ရသည့် ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးအရာရှိ ဦးအောင်မြတ်မိုးနှင့် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်၏ ကောင်းကျိုးများနှင့် မဲဆန္ဒရှင်ပြည်သူများ စမ်းသပ်မဲပေးပုံအဆင့်ဆင့်တို့ကို လက်တွေ့ရှင်းလင်းပြောကြားရာ ကျေးရွာပြည်သူ ၅၀၀ ကျော်က လက်တွေ့စမ်းသပ်မဲပေးကြပြီး သိလိုသည်များကို မေးမြန်းကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့၌ ကျပန်း၊ စာစီစာကုံးနှင့် ပုံပြင်ပြောပြိုင်ပွဲကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၁၈**

ကချင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး၏ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ကျပန်း၊ စာစီစာကုံးနှင့် ပုံပြင်ပြောပြိုင်ပွဲကို မြစ်ကြီးနားမြို့ လူထုအခြေပြုဗဟိုဌာန၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါပြိုင်ပွဲများကျင်းပရာတွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ပုံပြင်ပြောပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ တို့ကလည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲတွင် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၅ ဦးတို့ကလည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦးတို့ကလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း (၁-၁၀-၂၀၂၅ ရက်နေ့မှ ၁၅-၁၀-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထု အရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL–50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer–1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များ အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | – | ကောင်းမွန် | | | – | ကောင်းမွန် |
| | ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | ကောင်းမွန် | | | | | |
| ၉ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၀ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | လက်ခံနိုင်သော | | ကောင်းမွန် | |
| ၁၁ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | သထုံမြို့ | ကောင်းမွန် | | | | | |
| | ၃ | ချောင်းဆုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၂ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | – | – | ကောင်းမွန် | | – | – |
| | ၂ | ကျိုင်းတုံမြို့ | ကောင်းမွန် | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်

**ဖားကန့် အောက်တိုဘာ ၁၈**

ဖားကန့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲပေးစက်ကိုင်တွယ်မည့် မဲရုံအဖွဲ့ဝင်များအား မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က မိုးညှင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးညွန့်ဝေက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်က ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖားကန့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အတွင်းရေးမှူး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးမြင့်မင်းထိုက်က မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် ကိုင်တွယ် အသုံးပြုနည်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြသခဲ့သည်။

ထို့နောက် သင်တန်းတက်ရောက်လာကြသည့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲပေးစက်ကိုင်တွယ်မည့် မဲရုံအဖွဲ့ဝင်များအား သင်တန်းနည်းပြများက အီလက်ထရောနစ် မဲပေးစက်ကိုင်တွယ်အသုံးပြုပုံနည်းအဆင့်ဆင့်တို့ကို အုပ်စုဖွဲ့၍ လက်တွေ့ပြသ သင်တန်းပေးလျက်ရှိရာ ၎င်းသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၃၂ ဦး တက်ရောက်ပြီး သင်တန်းကာလ နှစ်ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ဖားကန့်သား**



## ချောက်မြို့နယ်အတွင်း ဆန်သိုလှောင်ရုံများအား ဆန်စပါးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ကွင်းဆင်းစစ်ဆေး



**ချောက် အောက်တိုဘာ ၁၈**

ချောက်မြို့နယ်၌ ဆန်သိုလှောင်ရုံများအား မြို့နယ်ဆန်စပါးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မြတ်မြတ်မိုး ဦးဆောင်၍ ဆန်စပါးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့များက မြို့ပေါ်ရှိဆန်သိုလှောင်ရုံများအား အောက်တိုဘာ ၁၇ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ဆန်စက်များ၏ကြိတ်ခွဲထုတ်လုပ်မှု၊ ဈေးနှုန်းဈေးကွက်နှင့် ဆန်စီးဝင်/ စီးထွက်စာရင်းများ၊ MyRo တွင်မှတ်ပုံတင်ထားသည့်ဆန်စပါးသိုလှောင်ရုံများ၏ ကုန်ရ/ ကုန်ထုတ် လက်ကျန်စာရင်းများ ရေးသွင်းထားခြင်း ရှိ/ မရှိနှင့် Update စာရင်း ရေးသွင်းနိုင်ရေးမှာကြားခဲ့ပြီး ဆန်ဆိုင်များအနေဖြင့် အိတ် ၅၀၀ အထက် ဆန်လက်ကျန်များ သိုလှောင်ထားသော်လည်း မှတ်ပုံတင်ထားခြင်း မရှိသည်ကို စိစစ်တွေ့ရှိပါက ဥပဒေအရ အရေးယူခြင်း ခံရနိုင်ကြောင်း၊ စပါးဆန်ဈေးနှုန်းများ တည်ငြိမ်စေရေးအတွက် စပါးများ ဝယ်ယူ စုဆောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စပါးပွဲစား (ကြားပွဲစား)များအား ထိန်းကျောင်းနိုင်ရန် ကြားပွဲစား စိစစ်ရေးကတ်များ ထုတ်ပေးပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ချောက်မြို့ပေါ်၌ ဆန်ကုန်သည် ၁၀ ဦးရှိပြီး MyRo တွင် မှတ်ပုံတင်ထားသည့် ဆန်စပါးသိုလှောင်ရုံ ၁၂ လုံး၊ စလေမြို့၌ ဆန်ကုန်သည် လေးဦး MyRo တွင် မှတ်ပုံတင်ထားသည့် ဆန်စပါးသိုလှောင်ရုံ လေးလုံးရှိကြောင်း သိရသည်။

မြတ်မြတ်မိုး(DOCA. Chauk)

## ပလောက်မြို့၌ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းပေါင်းစုံ မိုးရာသီ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**ပလောက် အောက်တိုဘာ ၁၈**

ပလောက်မြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းပေါင်းစုံ မိုးရာသီဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၆ ရက်က မြို့မအားကစားကွင်း၌ ကျင်းပသည်။




ဦးစွာ အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူးက နှုတ်ဆက်စကားများပြောကြားပြီး အထက (ပလောက်) ကျောင်းသူများက အကများဖြင့် ကပြဖျော်ဖြေသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ပလောက်တပ်နယ်မှ တာဝန်ရှိသူများ၊ မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မူလတန်းနှင့် အလယ်တန်းအဆင့် တစ်ဦးချင်း အကောင်းဆုံးဆုများနှင့် အသင်းလိုက်ဆုများ၊ ဂုဏ်ပြုဆုငွေ၊ ဆုကလပ်များ၊ လည်ဆွဲပြားများ ချီးမြှင့်ခြင်းနှင့် ဒိုင်းဆုများ ချီးမြှင့်သည်။ အဆိုပါ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းပေါင်းစုံ မိုးရာသီဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသင်း ၁၇ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ပလောက်(ပြန်/ဆက်)

## လပွတ္တာမြို့နယ်၌ ရွှံ့ကဏန်းမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ



**လပွတ္တာ အောက်တိုဘာ ၁၈**

လပွတ္တာခရိုင်နှင့် လပွတ္တာမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးကြပ်မှုဖြင့် လပွတ္တာမြို့နယ်အတွင်းရှိ ကဏန်းလုပ်ငန်းရှင်များ စုပေါင်း၍ ရွှံ့ကဏန်းမျိုး စိုက်ထည့်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၇ ရက်က သာခရမ်းချောင်း ဒီရေတော၌ ကျင်းပသည်။

အခမ်းအနားသို့ လပွတ္တာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ လပွတ္တာမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစံရင်မော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဝါဝါသိန်းနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ကဏန်းလုပ်ငန်းရှင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံရေလုပ်သားများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်၍ရွှံ့ကဏန်းအရွယ်မျိုးစုံကောင်ရေ ၁၀၀၀၀ ခန့်၊ ၅၀၀ ကီလိုဂရမ်ကို စုပေါင်းမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မတ္တရာမြို့နယ်၌ စွန့်လွှတ်မြေများအား ပုံစံ(၇)ပေးအပ်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၈**

မတ္တရာမြို့နယ် အမှတ်(၂၂) စိုက်ကွင်းမှ စွန့်လွှတ်မြေများအား (ဒုတိယအကြိမ်) ပုံစံ(၇)ပေးအပ်ပွဲကို အောက်တိုဘာ ၁၇ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မတ္တရာမြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူးက ပုံစံ(၇) ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ အဖွဲ့ဝင် ဦးတင်မောင်ဝင်း၊ ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းသူအောင်နှင့် တာဝန်ရှိသူများက စွန့်လွှတ်မြေများမှ တောင်သူဦးကြီးများအား



ပုံစံ(၇)များ ပေးအပ်ကြသည်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီက အမှတ်(၂၂)စိုက်ကွင်းမှ စွန့်လွှတ်မြေ ၄၅၁ ဒသမ ၉၅ ဧကမှ ပထမအကြိမ်တွင် ဦးပိုင်ပေါင်း(၄၈)၊ တောင်သူ ၃၉ ဦး၏ မြေဧက ၁၃၁ ဒသမ ၉၄ ကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁၈ရက်က ပေးအပ်ခဲ့ပြီး ယခု ဒုတိယအကြိမ်တွင် ဦးပိုင်ပေါင်း(၅၂)၊ တောင်သူ ၃၅ ဦး၏ မြေဧက ၁၃၅ ဒသမ ၉၃ ကို ပုံစံ(၇) ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**



## နောင်ချိုမြို့နယ်၌ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲကျင်းပ

**နောင်ချို အောက်တိုဘာ ၁၈**

နောင်ချိုမြို့နယ်၌ မြို့နယ်ပညာရေးမှူးရုံးမှကြီးမှူး၍ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့်သင်္ချာ ဘာသာရပ်စွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၆ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါမြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည်ပြိုင်ပွဲသို့ အခြေခံပညာကျောင်းများမှ Grade-5 မှ Grade-9 အထိ အင်္ဂလိပ်စာ ၂၂ ဦး၊ Grade-5 မှ Grade-9 အထိ သင်္ချာ ၂၂ ဦး စုစုပေါင်း ၄၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## ဒိုက်ဦးမြို့၌ ဥာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

**ဒိုက်ဦး အောက်တိုဘာ ၁၈**

ဒိုက်ဦးမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အကြိုဉာဏစွမ်းရည်ပြိုင်ပွဲများကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ အောင်ရတနာခန်းမ၌ အောက်တိုဘာ ၁၆ ရက်မှစ၍ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၆၃ ဦး ပါဝင်ယှဉ်ပြိုင်ကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးလှမြင့်၊ ခရိုင်ပညာရေးမှူး ဦးညွန့်ဝေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

မြို့နယ်(ပြန်/ဆက်)



## လယ်ဝေးမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**လယ်ဝေး အောက်တိုဘာ ၁၈**

လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လယ်ဝေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ အောက်တိုဘာ ၁၇ ရက်က သော်မှော်ကုန်းကျေးရွာ SMU ခန်းမ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲတွင် ခရိုင်ဦးစီးမှူး ဒေါ်သန္တာလှိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးက အမှာစကားနှင့် စနစ်တကျအမှိုက်စွန့်ပစ်ရေးခေါင်းစဉ်ဖြင့် ဟောပြောခြင်း၊ ဦးစီးအရာရှိ ဒေါ်ဆွေဆွေသွယ်က အမျိုးသမီးများနှင့် ရေချိုသယံဇာတထိန်းသိမ်းရေးခေါင်းစဉ်ဖြင့် ဟောပြောခြင်းနှင့် လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က စာဖတ်ရှိန်မြှင့်တင်ရေးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## တိုက်ကြီးမြို့နယ်၌ မဲစာရင်းကပ်ထားကြေညာမှုအား ကြည့်ရှုစစ်ဆေး

**တိုက်ကြီး အောက်တိုဘာ ၁၈**
ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးသည် တိုက်ကြီးမြို့နယ်၌ ပထမအကြိမ် မဲစာရင်း ကပ်ထားကြေညာထားမှုအား အောက်တိုဘာ ၁၆ ရက်က ဇောဓိကုန်းရပ်ကွက်နှင့် အင်းကုလားရပ်ကွက်များသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



တိုက်ကြီးမြို့နယ်၌ မဲစာရင်း ကပ်ထားကြေညာထားမှုနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး ဆောင်ရွက်နေမှုအခြေအနေနှင့် နေရပ်စွန့်ခွာပြည်သူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြသသည်။

ဆက်လက်၍ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့်အဖွဲ့သည် ဇောဓိကုန်းရပ်ကွက်နှင့် အင်းကုလားရပ်ကွက်တွင် မဲဆန္ဒရှင်အမည်စာရင်း ကပ်ထားကြေညာမှုအား ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံကြီး၌ သုံးမွှာပူးမွေးဖွားသည့်မိသားစုအား ထောက်ပံ့

**ဂန့်ဂေါ အောက်တိုဘာ ၁၈**
ဂန့်ဂေါမြို့ ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ သုံးမွှာပူးမွေးဖွားသည့် မိသားစုအား ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့က ပြုလုပ်သည်။

အဆိုပါ ထောက်ပံ့ငွေများပေးအပ်ခြင်းကို ဗဟိုမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းက ငွေကျပ်သုံးသိန်း၊ မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ငွေကျပ် တစ်သိန်းငါးသောင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီက ငွေကျပ် သုံးသိန်း၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ် တစ်သိန်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းက ငွေကျပ်တစ်သိန်းတို့ကို ထောက်ပံ့ပေးအပ်ရာ သုံးမွှာပူး မွေးဖွားသည့် မိခင်က လက်ခံရယူခဲ့သည်။



ဂန့်ဂေါမြို့နယ် ရေရှင်ကျေးရွာနေ အဖ ဦးဝင်းမင်းကို၊ အမိ ဒေါ်ယဉ်ယဉ်ထွေးတို့၏ သားဦးသုံးမွှာပူးကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ခေတ္တဆေးရုံအုပ် ဒေါက်တာဝင်းထိုက်၊ ဒေါက်တာကျော်ကျော်လွင်နှင့် ဝန်ထမ်းများက အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ပထမကလေးကို ၃ ပေါင် ၉ အောင်စဖြင့်လည်းကောင်း၊ ဒုတိယကလေးကို ၁ နာရီ ၄၁ မိနစ်တွင် ၄ ပေါင် ၁ အောင်စဖြင့် လည်းကောင်း၊ တတိယကလေးကို ၁ နာရီ ၄၂ မိနစ်တွင် ၂ ပေါင် ၆ အောင်စဖြင့် လည်းကောင်း အောင်မြင်စွာ မွေးဖွားပေးခဲ့သည်။

**မောင်မျိုးမင်း**

## ပခုက္ကူမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ဆုံဆို့မေးခိုင်နှင့်သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေး

**ပခုက္ကူ အောက်တိုဘာ ၁၈**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူများအား အောက်တိုဘာ ၁၇ ရက်က ဆုံဆို့မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ကာကွယ်ဆေးထိုးနှံပေးမှုကို ပခုက္ကူမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံအုပ်ကြီး၏ ညွှန်ကြားမှုဖြင့် မြို့နယ်ကျောင်းကျန်းမာရေးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများထံ ကွင်းဆင်း၍ အသက် ငါးနှစ်မှ ခုနစ်နှစ်အရွယ် KG ကျောင်းသား ကျောင်းသူများအား ဆုံဆို့မေးခိုင်ကာကွယ်ဆေးနှင့် အသက်ကိုးနှစ်မှ ၁၀ နှစ်အရွယ် ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးများကို အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အထိ စနစ်တကျ ထိုးနှံပေးခဲ့ရာ ယနေ့အထိ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၅၆၀ တို့အား ထိုးနှံပြီးစီးခဲ့ကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**



## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပန်းနှမ်း ၁၂၁ ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ အောက်တိုဘာ ၁၈**
ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပန်းနှမ်း ၁၂၁ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။



ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ပန်းနှမ်းသီးနှံ ၁၂၁ ဧကစိုက်ပျိုးရန် လျာထားပြီး နိုဝင်ဘာလမှ စတင်စိုက်ပျိုးမည်ဖြစ်သည်။ ယခင်နှစ်က ဆီထွက်သီးနှံ ပန်းနှမ်းစိုက်ပျိုးခြင်းက လျာထား စိုက်ဧက ၁၁၅ ဧကတွင် မြေပြင်စိုက်ပျိုးမှု ၁၂၈ ဧကအထိ စိုက်ပျိုးနိုင်ခဲ့၍ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကာ ယခုနှစ်တွင်လည်း ပန်းနှမ်း ၁၂၁ ဧက စိုက်ပျိုးရန် လျာထားလျက်ရှိရာ သတ်မှတ်စိုက်ဧက ပြည့်မီရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ကန့်ဘလူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ဧက ၉၇၀၀၀ ကျော် လျာထားစိုက်ပျိုးမည်



**ကန့်ဘလူ အောက်တိုဘာ ၁၈**
၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ဆောင်းသီးနှံပဲမျိုးစုံ ၉၇၁၃၇ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်အတွင်းရှိ တောင်သူများ ပဲမျိုးစုံစိုက်ပျိုးရေးအဖြစ် မတ်ပဲ ၃၈၄၃၇ ဧက၊ ပဲတီစိမ်း ဧက ၂၂၅၀၀၊ ထောပတ်ပဲ ၃၈၄၂ ဧက၊ စွန်တာနီ ၁၄၁၅ ဧက၊ စွန်တာပြာ ၇၂၄၄ ဧက၊ ကုလားပဲ ၇၀၈၉ ဧက၊ ပဲလွမ်း ၂၄၅၅ ဧက၊ စားတော်ပဲ ဧက ၁၀၄၄၀ နှင့် အခြားပဲ ၃၇၁၅ ဧကကို စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မြို့နယ်အချို့၌ မဲပေးစက် အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး



**မန္တလေး**
မန္တလေးမြို့၌ မသန်စွမ်းသူများ ကိုယ်တိုင်ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်းကို အောက်တိုဘာ ၁၇ ရက်က လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းထွန်းက မသန်စွမ်းသူများ ကိုယ်တိုင်ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးဆန်းက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုရခြင်းနှင့် အသုံးပြုပုံကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မသန်စွမ်းသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်း နှင့် အမြင်အာရုံမသန်စွမ်းသူများအတွက် မျက်မမြင်လက်စမ်းစာ (Braille) ကို အခြေခံ၍ လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



**မိုင်းပန်**
မိုင်းပန်မြို့နယ် အနောက်ရပ်ကွက် မွေတော်ဘုန်းတော်ကြီးကျောင်း၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုနည်းစနစ် အသိပညာပေးဟောပြောခြင်းနှင့် စမ်းသပ်ဆန္ဒမဲပေးခြင်း လက်တွေ့သရုပ်ပြသခြင်းကို အောက်တိုဘာ ၁၇ ရက်က ပြုလုပ်ရာ စမ်းသပ်ဆန္ဒမဲပေးခြင်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက မြန်မာ/ရှမ်းနှစ်ဘာသာဖြင့် MEVM စက်နှင့် စမ်းသပ်ဆန္ဒမဲပေးခြင်းများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



**လက်ပံတန်း**
လက်ပံတန်းမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြ ဆန္ဒမဲပေးခြင်းကို အောက်တိုဘာ ၁၇ ရက်က ချမ်းသာကုန်းကျေးရွာအုပ်စုဓမ္မာရုံ၌ ပြုလုပ်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအေးကိုက မဲစာရင်းပါရှိစေရေးလျှောက်ထားရမည့်ပုံစံများကို ရှင်းလင်းပြောကြားပြီး အဖွဲ့ဝင်များဖြစ်သည့် ဒေါ်စန်းစန်းသော်၊ ဒေါ်ခင်တုတ်တို့က မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းကို ရှင်းလင်းပြသကာ မဲဆန္ဒရှင်ပြည်သူများက လက်တွေ့မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပျဉ်းမနားမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ပျဉ်းမနား အောက်တိုဘာ ၁၈**
ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းရန်ပုံငွေ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ကျေးရွာနေပြည်သူများ လိုက်နာရမည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများ၊ ရပိုင်ခွင့်နှင့် ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄ ဒသမ ၈ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကံဦးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၂၀ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၂ ဦးကို ငွေကျပ် ၁၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၀ ဒသမ ၁၅ သန်း စုစုပေါင်း အသင်းသား အသင်းသူ ၁၆၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)



# လယ်ဝေးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**လယ်ဝေး အောက်တိုဘာ ၁၈**
ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက အေလာကျေးရွာ၌ ကျင်းပသည်။

အဆိုပါ မိုးစပါးရိတ်သိမ်းရာတွင် လယ်ဝေးမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများက အေလာကျေးရွာ ရွာသစ်ကွင်း ကွင်းအမှတ် (၁၇၃၅)တွင် မျိုးစေ့ချကိရိယာ Seeder ဖြင့် စိုက်ပျိုးထားသည့် တောင်သူ ဦးသန်းဝင်းအောင်၏ နှံကောက်စပါး ၅ ဒသမ ၇၅ ဧကကို စံကွက်ရိတ်သိမ်းရာ အစို ၁၂၅ တင်း ထွက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ထန်းတပင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း



**ထန်းတပင် အောက်တိုဘာ ၁၈**
ထန်းတပင်မြို့နယ် ရေပေါ်သောင်ကျေးရွာ၌ တောင်သူများ စိုက်ပျိုးထားသည့် ဆင်းသုခမျိုးစပါးစိုက်ခင်းကို စပါးအထွက်နှုန်းများ သိရှိစေရန်အတွက် အောက်တိုဘာ ၁၆ ရက်က စံကွက်ရိတ်သိမ်းသည်။

စံကွက်ရိတ်သိမ်းပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလွင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးတို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစောဝင်းကိုက စပါးတစ်ဧကအထွက်နှုန်းတိုးပွားရေး ဒေသခံတောင်သူများအား အသိပညာပေးဟောပြောသည်။

ဆက်လက်၍ အောင်နိုင်သစ္စာကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက နိုင်ငံခြားသို့ စပါးတင်သွင်းမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ရေပေါ်သောင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၂၃)-က ဦးပိုင်အမှတ် (၅၉) ဧရိယာ နှစ်ဧက တောင်သူ ဦးသန်းထွန်းလေး၏ စိုက်ပျိုးထားသည့် ဆင်းသုခမျိုးစပါးစံပြကွက်စိုက်ခင်း ၀ ဒသမ ၁၀ ဧကကို စပါးခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း ၁၁ ဒသမ ၂၉ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)



ပေါင်းတည်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက မြို့နယ်အတွင်းရှိ ပြည်သူအားလုံး Smart Card (Biomertric Card)များ ရရှိကိုင်ဆောင်နိုင်ရေး မြို့နယ် လဝကဦးစီးမှူး ဦးဇော်ဝင်းနှင့်ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နဝရတ်ခန်းမစုရပ်၌ ဆက်လက်ဆောင်ရွက်ပေးစဉ်။

ရွှေသား(IPRD)

# အခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး ဟောပြော



**ကျေးသီး အောက်တိုဘာ ၁၈**
ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်၌ အောက်တိုဘာ ၁၆ ရက်က အခြေခံပညာမူလတန်းကျောင်း(မြို့မ)၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်သည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ(တာဝန်ပေး) ဒေါ်စန်းစန်းယဉ်က ကလေးအလုပ်သမားပပျောက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးပြောကြားပြီး နံရံကပ်စာစောင်အား ပြသသည်။

မြို့နယ်(ပြန်/ဆက်)



မင်းတုန်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းကပ်ထားမှုကို အောက်တိုဘာ ၁၇ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမှတ်(၃)ရပ်ကွက်နှင့် အမှတ်(၄)ရပ်ကွက်များသို့ ကွင်းဆင်းစစ်ဆေးစဉ်။

ချင်းကလေး(NRDC)

# တီးတိန်မြို့၌ ပုံပြင်ပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲဆုချီးမြှင့်



**တီးတိန် အောက်တိုဘာ ၁၈**
တီးတိန်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို အောက်တိုဘာ ၁၇ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စံကိုက်ညီကျောင်းဆောင်၌ ပြုလုပ်သည်။ ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းက အမှာစကားပြောကြားပြီး ပုံပြင်ပြောပြိုင်ပွဲတွင် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်နှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် အလယ်တန်းအဆင့်၊ မူလတန်း(အထက်ဆင့်)၊ မူလတန်း(အောက်ဆင့်)ပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးသည်။

မြို့နယ်(ပြန်/ဆက်)



ပန်းဘဲတန်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိမှုနှင့်ပတ်သက်၍ မဲစာရင်းများ တိကျမှန်ကန်မှု ရှိစေရေးအတွက် အောက်တိုဘာ ၁၆ ရက်က အမှတ်(၁၀)ရပ်ကွက်သို့ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး အသိပညာပေးစဉ်။ မြို့နယ်(ပြန် /ဆက်)

# ဝေါမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လှူငယ်စကားဝိုင်းကျင်းပ



**ဝေါ အောက်တိုဘာ ၁၈**
ဝေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို အောက်တိုဘာ ၁၆ ရက်က အခြေခံပညာအထက်တန်းကျောင်း(ညောင်ခါးရှည်)၌ ကျင်းပသည်။

ဦးစွာ အခြေခံပညာအထက်တန်းကျောင်း (ညောင်ခါးရှည်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမိုးအောင်က လူငယ်စကားဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမိုးအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူ ရှစ်ဦးက မိမိအောင်မြင်မှုကို မိမိကိုယ်တိုင်သတ်မှတ်ပါ ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

## မြိတ်မြို့နယ်၌ ယူရီးယားဓာတ်မြေဩဇာများကို သက်သာသောဈေးနှုန်းဖြင့် ပေးအပ်

**မြိတ် အောက်တိုဘာ ၁၈**

မြိတ်မြို့နယ်အတွင်းရှိ ၂၀၂၅ ခုနှစ် မိုးစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးမည့် အကျိုးဆောင်တောင်သူများအား မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းမှ ထုတ်လုပ်သည့် ယူရီးယားဓာတ်မြေဩဇာများကို သက်သာသော ဈေးနှုန်းဖြင့် စတုတ္ထအကြိမ်မြောက် ဖြန့်ဖြူးပေးအပ်ပွဲကို အောက်တိုဘာ ၁၄ ရက်က မြိတ်မြို့နယ် ကန်ဖျားရပ်ကွက်ရှိ မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးက ယူရီးယားဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူး ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ မိုးစပါးနှင့် ဆောင်းသီးနှံ စိုက်ပျိုးမည့် အကျိုးဆောင်တောင်သူများအား ယူရီးယားဓာတ်မြေ



ဩဇာအိတ် စုစုပေါင်း ၅၂၀ ကို ကျေးရွာရှိ တောင်သူများအား ဈေးနှုန်း ချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ရွှေဘိုမြို့၌ အခြေခံစက်ချုပ်(အခမဲ့)သင်တန်းဆင်းပွဲ ကျင်းပ

**ရွှေဘို အောက်တိုဘာ ၁၈**

ရွှေဘိုမြို့ အခြေခံစက်ချုပ်(အခမဲ့)သင်တန်း အမှတ်စဉ်(၂/၂၀၂၅)ဆင်းပွဲ



ကို ရွှေဘိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထု အခြေပြုဗဟိုဌာနခန်းမ၌ အောက်တိုဘာ ၁၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်ထွေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး သင်တန်းသားများ(ကိုယ်စား) သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

ထို့နောက် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးလင်းထက်အောင်က သင်တန်းဆင်းလက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံယူသည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းကို စက်တင်ဘာ ၁၅ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ ဘာသာရပ် ၁၆ မျိုးကို စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပန်ဆောင်မြို့၌ မိုးစပါးစံပြကွက်ရိတ်သိမ်း

**ပန်ဆောင် အောက်တိုဘာ ၁၈**

ပန်ဆောင်မြို့၌ မိုးစပါး ၁၀၂ တင်း အထက် အထွက်နှုန်းရရှိရေး စံပြ ကွက် ရိတ်သိမ်းခြင်းကို အောက်ရပ်ကွက် နယ်မြေကွင်းအမှတ် ၁ ရှိ တောင်သူ ဦးလင်ဒါး၏ စံပြကွက်၌ အောက်တိုဘာ ၁၅ ရက်တွင် ရိတ်သိမ်းခဲ့သည်။

အဆိုပါ မိုးစပါး ၁၀၂ တင်း အထက် အထွက်နှုန်းရရှိရေး စံပြကွက် ရိတ်သိမ်းရာတွင် မြို့စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးယုတ္တိက မိုးစပါး ၁၀၂ တင်းအထက် ထွက်နှုန်းရရှိရေး စံပြကွက်စိုက်ပျိုးခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက စံပြကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှု



အားပေးပြီး ကွင်းအမှတ် (၁)ရှိ တောင်သူ ဦးလင်ဒါး၏ စံပြကွက် တစ်ဧကတွင် မိုးစပါးအစို ၁၀၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**ပန်ဆောင်(ပြန်/ဆက်)**

## ပုသိမ်ကြီးမြို့နယ်၌ အသက် ၁၈ နှစ်နှင့်အထက် မဲဆန္ဒရှင် လူဦးရေစာရင်းများ မှန်ကန်မှုရှိစေရေး စစ်ဆေး



**ပုသိမ်ကြီး အောက်တိုဘာ ၁၈**

ပုသိမ်ကြီးမြို့နယ်၌ အသက် ၁၈ နှစ်နှင့်အထက် မဲဆန္ဒရှင် လူဦးရေ စာရင်းများ မှန်ကန်မှုရှိစေရေးအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးမောင်မောင်အေး၊ မြို့နယ်တာဝန်ရှိ သူများနှင့်အတူ အောက်တိုဘာ ၁၄ ရက်က မြို့မရပ်ကွက် မိုင်ကုန်း ကျေးရွာနှင့် နန်းဦးလွင်ကျေးရွာများသို့ သွားရောက်ပြီး ကြည့်ရှုစစ်ဆေး ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့၌ ဆုံဆို့-မေးခိုင် ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးများထိုးနှံပေး

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၈**

ကျောက်ပန်းတောင်းမြို့၌ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံပေး ခြင်းကို မြို့နယ်ကာကွယ်ရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နီလာစိုး ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက အောက်တိုဘာ ၁၅ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းစုရပ်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းစုရပ်နှင့် လေးရွာအခြေခံပညာ အထက်တန်းကျောင်းစုရပ်တို့မှ အသက်ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်အောက် KG ကျောင်းသား ကျောင်းသူများအား ဆုံဆို့-မေးခိုင်ရောဂါ



ကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် အသက်ကိုးနှစ်ပြည့်ပြီး ၁၀ နှစ် နှင့်အောက် ကျောင်းသူလေးများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးများကို ထိုးနှံပေးသည်။ **နေအောင်(ပြန်/ဆက်)**

## မိုးညှင်းမြို့၌ ပုံပြင်ပြော၊ ကဗျာရွတ်နှင့် စာဖတ် စွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**မိုးညှင်း အောက်တိုဘာ ၁၈**

မိုးညှင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသည့် ပုံပြင်ပြော၊ ကဗျာရွတ်နှင့် စာဖတ် စွမ်းရည်ပြိုင်ပွဲများကို အောက်တိုဘာ ၁၅ ရက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ အခြေခံပညာ မူလတန်းကျောင်း (သာစည်)မှ ကျောင်းသား ကျောင်းသူ ၄၀ တို့က ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို ခရိုင်ဦးစီးမှူး ဒေါ်နွယ်နွယ်အေးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရွှေမိုးညှင်း**

## စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲများပြုလုပ်

**ကျောင်းကုန်း**

ကျောင်းကုန်းမြို့ အမှတ်(၄)ရပ်ကွက် အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)အောက်ပိုင်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်စကားဝိုင်းကို အောက်တိုဘာ ၁၅ ရက်က ကျင်းပသည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီဝင်းက အမှာစကားပြောကြား ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီး အရာရှိ ဒေါ်လှိုင်ပို့ပို့ဇင်က လူငယ်စကားဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် အင်တာနက် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



**နတ်တလင်း**

နတ်တလင်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော ပွဲကို အောက်တိုဘာ ၁၅ ရက်က ရိပ်သာမြို့သစ် အမကကျောင်း၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သူဇာဝင်းက စာဖတ်ခြင်းဖြင့် ရရှိနိုင်သော အကျိုး ကျေးဇူးများ၊ ကလေးအလုပ်သမားပပျောက်ရေး၊ မူးယစ်ဆေးဝါး အန္တရာယ်ကာကွယ်ရေးနှင့် လူကုန်ကူးမှုအန္တရာယ်အကြောင်းတို့နှင့် ပတ်သက်၍ အသိပညာပေးဟောပြောသည်။ **ဝေယံဖြိုး(ပြန်/ဆက်)**



**မိုင်းရှူး**

မိုင်းရှူးမြို့နယ်၌ အောက်တိုဘာ ၁၅ ရက်က အမှတ်(၁)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာ ပေးဟောပြောပွဲ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထွေးက စာဖတ်ခြင်းဖြင့်ရရှိမည့် အကျိုး ကျေးဇူးများအကြောင်း ပြောကြားသည်။ **သန်းလှူ(ပြန်/ဆက်)**



**မြစ်ကြီးနား**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အတွက် ကျပန်း၊ ပုံပြင်ပြော၊ စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကို မြစ်ကြီးနားမြို့၌ အောက်တိုဘာ ၁၅ ရက်က ကျင်းပရာ မြစ်ကြီးနား ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ထက်က ပြိုင်ပွဲများကျင်းပပေးရသည့် ရည်ရွယ်ချက်များနှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်း ပြောကြားသည်။

အဆိုပါ ပြိုင်ပွဲများတွင် အမှတ် (၉) အခြေခံပညာအထက်တန်း ကျောင်းမှ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပခုက္ကူမြို့၌ Grade-12 ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ပွဲ ပြုလုပ်

**ပခုက္ကူ အောက်တိုဘာ ၁၈**

ပခုက္ကူမြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်းများနှင့်ကိုယ်ပိုင်အထက်တန်းကျောင်းများရှိ Grade-12 ကျောင်းသား ကျောင်းသူများအား ဥပဒေပညာအပါအဝင် တက္ကသိုလ်ဘာသာရပ်ဆိုင်ရာမိတ်ဆက်ပွဲကို အောက်တိုဘာ ၁၅ ရက်က ပခုက္ကူမြို့ အမှတ်(၁)နှင့် အမှတ်(၂)



အခြေခံပညာအထက်တန်းကျောင်းများ၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းအောင်က အဆင့်မြင့်တက္ကသိုလ်ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပခုက္ကူတက္ကသိုလ် ဘာသာရပ်ဌာနအသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများက မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ စီးပွားရေးပညာ၊ ဥပဒေပညာစသည့် ဝိဇ္ဇာဘာသာရပ်များ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ စသည့် သိပ္ပံဘာသာရပ်များအပြင် မြန်မာ့ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာမှုပညာတစ်ခုချင်းစီ၏ အားသာချက်များ၊ သင်ကြား၊ သင်ယူမှုပုံစံများ၊ သင်ယူတတ်မြောက်ခြင်းကြောင့်ရရှိနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် အကျိုးကျေးဇူးများအကြောင်းတို့ကို အသိပညာပေးရှင်းလင်းကြသည်။ **ဘာမီသာ(ပခုက္ကူ)**

## ကိုကိုးကျွန်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကိုကိုးကျွန်း အောက်တိုဘာ ၁၈**

ကိုကိုးကျွန်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို အောက်တိုဘာ ၁၅ ရက်က ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ပူးပေါင်း၍ ကိုကိုးကျွန်းမြို့နယ်ရပ်ကွက်များအတွင်း ရေတင်ကျန်နိုင်သော ဘူးခွက်များ၊ ရေပုံး၊ ရေအိုးများ၊ ကားတာယာဟောင်းများ၊ ဘုရားပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ပြီး ရေတိုင်ကီနှင့် ကျောက်စည်ပိုင်း၊ ရေအုတ်ကန်များအတွင်း အဘိတ်ဆေးခပ်ခြင်း၊ ကျန်းမာရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**



## ကျိုက်လတ်မြို့နယ်၌ ကော်ဖီပျိုးပင်ပေးအပ်ပွဲနှင့် စုပေါင်းစိုက်ပျိုးပွဲကျင်းပ

**ကျိုက်လတ် အောက်တိုဘာ ၁၈**

ကျိုက်လတ်မြို့နယ်အတွင်းရှိ တောင်သူများ ကော်ဖီသီးနှံ စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားစေရေး၊ နှစ်ရှည်သီးပင်များကြားတွင်



ကော်ဖီပင် ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် မြေတစ်ယူနစ်ဧရိယာ တိုးတက်ကာ မြန်မာ့ကော်ဖီ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ရည်ရွယ်၍ ကော်ဖီပျိုးပင်များ ပေးအပ်ခြင်းနှင့် စုပေါင်းစိုက်ပျိုးခြင်း အခမ်းအနားကို အောက်တိုဘာ ၁၆ ရက်က လှိုင်းတာကျေးရွာအုပ်စု၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးအောင်ဖုန်းနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တာဝန်ရှိသူများက ကော်ဖီစိုက်ပျိုးမည့် ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးမှူးများထံ ပျိုးပင်များပေးအပ်ပြီး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ကျိုက်လတ်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ကော်ဖီစိုက်ဧက ၅၀ စိုက်ပျိုးသွားမည်ဖြစ်သည်။ **ကျိုက်လတ်(ပြန်/ဆက်)**

ငါးသိုင်းချောင်းမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့ဆရာဝန် ဒေါက်တာကြည်နူးနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက မိခင်နှင့်ကလေး စောင့်ရှောက်ရေးဌာန၌ အောက်တိုဘာ ၁၅ ရက်က အသက် ၇၀ နှင့်အထက် ဘိုးဘွား ၁၃၄ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးစဉ်။ ငါးသိုင်းချောင်း(ပြန်/ဆက်)





ငဖဲမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ပန်းထိန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၌ အသက်ကိုးနှစ်မှ ၁၀ နှစ်အရွယ် ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးနှင့်ဆုံဆို့မေးခိုင်ရောဂါ ကာကွယ်ဆေးများကို အောက်တိုဘာ ၁၅ ရက်က ထိုးနှံပေးစဉ်။ မယု(ငဖဲ)

## ရန်ကင်းမြို့နယ်၌ အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကင်းမြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၅ ရက်က အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၁)အခြေခံပညာ အထက်တန်း ကျောင်းအုပ်ကြီး ဦးမောင်မောင်လွင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှထွေးက လူငယ်နှင့် ပျော်ရွှင်မှုခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ မောင်မြတ်နိုး(ရန်ကင်း)က လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူးက အားကစားဆိုင်ရာအသိပညာပေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ လက်ရွေးစင်ဟောင်းများအသင်းမှ အရှေ့တောင်အာရှ ရွှေတံဆိပ်များ ဆုရှင် ဒေါ်နွဲ့နွဲ့အေးက လူငယ်နှင့် အားကစား ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ကြသည်။

ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံယူသည်။ ယင်းနောက် သရုပ်ပြအဖွဲ့များအား မြန်မာ့လက်ရွေးစင်များအသင်းမှ အတွင်းရေးမှူး ဦးဇော်ဇော်မိုးက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ **လှလှထွေး**



မောက်မယ်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြုနည်း အသိပညာပေးဟောပြောပွဲကို နမ့်ယွမ်းခန်းမ၌ အောက်တိုဘာ ၁၄ ရက်တွင် ကျင်းပရာ တာဝန်ရှိသူများက ရွေးကောက်ပွဲကျင်းပမည့် ကဏ္ဍဆိုင်ရာအပိုင်းများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် အဆင့်ဆင့် သုံးစွဲပုံများ၊ မဲပေးစက်ဆိုင်ရာများကို အသိပညာပေးရှင်းလင်းပြီး မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ကိုယ်တိုင်လက်တွေ့ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြစဉ်။ စိုင်းမျိုးသန့်(မောက်မယ်)



သာကေတမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် မဲစာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၂၀ ရက်အထိ ကပ်ထားကြေညာထားရာ ပြည်သူများ မဲစာရင်းများ လာရောက်ကြည့်ရှုနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာရပ်ကွက်များအလိုက် လိုက်လံအသိပေး နှိုးဆော်စဉ်။ အိရွှေစင်လတ်(သာကေတ)



ဘိုကလေးမြို့နယ်ရှိ ဘိုကလေးပညာရေးဒီဂရီကောလိပ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အောက်တိုဘာ ၁၄ ရက်တွင် မဲဆန္ဒရှင်များ လွယ်ကူစွာ မဲပေးနိုင်ရေး မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်စဉ်။ မိုးစက်(ဘိုကလေး)



မိုင်းပျဉ်းမြို့ မိခင်နှင့်ကလေးကျန်းမာရေးဌာနက ကျောင်းအခြေပြု ဆုံဆို့မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို အောက်တိုဘာ ၁၆ ရက်က အခြေခံပညာ မူလတန်းကျောင်း၌ ဆောင်ရွက်ပေးစဉ်။ နန်းသန္တာဦး(ပြန်/ဆက်)

လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

# မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့်စစ်သည်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံလေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၈**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏လမ်းညွှန်မှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အောက်တိုဘာ ၁၃ ရက်မှစတင်၍ လေ့လာရေးခရီး သွားရောက်လျက်ရှိသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲ/ စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏သား/သမီး ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များပါဝင်သော လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၏ မိဘဆွေမျိုးများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါ မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း အောက်တိုဘာ ၁၄ ရက်တွင် ပေကျင်းမြို့ရှိ Tian Tan ပန်းခြံနှင့် Tian an men ရင်ပြင်သို့ သွားရောက်လည်ပတ်ပြီး Ling Guang ဘုရားကျောင်းသို့သွားရောက်၍ ဘုရားကျောင်း၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်အားဖူးမြော်ခြင်း၊ အောက်တိုဘာ ၁၅ ရက်တွင် ပေကျင်းမြို့ရှိ မဟာတံတိုင်းကြီး(Grate wall)သို့သွားရောက်လေ့လာခြင်း၊ နွေရာသီနန်းတော်သို့ သွားရောက်လေ့လာခြင်းနှင့် အိုလံပစ်ကျင်းပခဲ့သည့် အဆောက်အအုံများနှင့် မြို့တွင်းသို့ လှည့်လည်ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်ကာ ညပိုင်းတွင် ညရှုခင်းများကြည့်ရှုခဲ့ကြသည်။

အလားတူ အောက်တိုဘာ ၁၆ ရက်တွင် ပေကျင်းမြို့ရှိ ပေကျင်းကျည်ဆန်ရထားဘူတာရုံမှ ပေကျင်း-တီယန်ကျင်း ကျည်ဆန်ရထားဖြင့် တီယန်ကျင်းမြို့သို့လည်းကောင်း၊ တီယန်ကျင်းမြို့လေဆိပ်မှ ကွမ်ကျိုးမြို့သို့ Southern China လေကြောင်းလိုင်းဖြင့်လည်းကောင်း စီးနင်းလိုက်ပါ၍ ကွမ်ကျိုးမြို့သို့ ရောက်ရှိကြပြီး Good Chain လုပ်ငန်းခွဲများအား လေ့လာကြသည်။

အောက်တိုဘာ ၁၇ ရက်နံနက်ပိုင်းတွင် ကွမ်ကျိုးမြို့ရှိ Ji Nan တက္ကသိုလ်သို့သွားရောက်၍ Ji Nan တက္ကသိုလ်၏သမိုင်းကြောင်း၊ စာကြည့်တိုက်နှင့် ဌာနခွဲများအား လှည့်လည်လေ့လာခဲ့ကြပြီး ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည့်မေးမြန်းမှုများအပေါ် တက္ကသိုလ်မှတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။ ထို့နောက် လေ့လာရေးအဖွဲ့သည် မွန်းလွဲပိုင်းတွင် ကွမ်ကျိုးမြို့အတွင်း လေ့လာလည်ပတ်ကြပြီး ညပိုင်းတွင် Guang Zhou Tower အား သွားရောက်လေ့လာကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ရမှုနှင့်ပတ်သက်၍ ယခုကဲ့သို့ ကြားသိရပါသည်-

**မယွန်းဆုဝေဇင်(နှစ်ထပ်ကွမ်း လူရည်ချွန်)**

ကျွန်မကတော့ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ လေးဘာသာဂုဏ်ထူး ရမှတ်ပေါင်း ၅၁၂ မှတ်နဲ့အောင်မြင်ခဲ့ပါတယ်။ ပထမဦးဆုံး တရုတ်မှာ ငါးရက်တာနေခဲ့ရပြီးတော့ အဲဒီ ငါးရက်တာအတွင်းမှာ စိတ်ဝင်စားဖွယ်အထင်ကရနေရာတွေကို သွားရောက်လည်ပတ်ခွင့်ရခဲ့ပါတယ်။ ပထမရက်မှာ Tian an men ရင်ပြင်နဲ့ Tian Tan ပန်းခြံကို သွားခဲ့ရပါတယ်။ အဲဒီမှာတရုတ်နိုင်ငံရဲ့ နှစ်ရှည်ထိန်းသိမ်းထားတဲ့အပင်တွေ၊ သဘာဝသစ်တောတွေကို မျက်မြင်တွေ့ရှိခဲ့ရတယ်။ နောက်နေ့မှာ မဟာတံတိုင်းကိုသွားခဲ့ပါတယ်။ ပြီးတော့ Ji Nan တက္ကသိုလ်ကိုလည်း သွားရောက်လေ့လာခဲ့ရပါတယ်။ အဲဒီမှာ တက္ကသိုလ်တွေရဲ့ တိုးတက်ပြောင်းလဲမှုတွေ၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေ တိုးတက်ပုံအဆင့်ဆင့်တွေကို လေ့လာခဲ့ရပါတယ်။

ဒီလိုမျိုး မရောက်ဖူးတဲ့နေရာတွေကို သွားရောက်လည်ပတ်ခွင့်ရတဲ့အတွက် ဒေသန္တရဗဟုသုတတွေ ရရှိခဲ့ပါတယ်။ ရရှိခဲ့တဲ့ ဗဟုသုတတွေကို နောင်တစ်ချိန်မှာ ကိုယ့်ပတ်ဝန်းကျင်ကလူတွေကိုလည်း ပြန်လည်ပြီးတော့ မျှဝေပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်မက ကလေးအထူးကုဆရာဝန်တစ်ယောက်ဖြစ်ချင်ပါတယ်။ အခုလို တရုတ်ပြည်သူ့သမ္မတနိုင်ငံကို သွားရောက်လေ့လာခွင့်ရအောင် စေလွှတ်ပေးခဲ့တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ကျောင်းသား ကျောင်းသူများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါတယ်။ ပြီးတော့ ခရီးစဉ်တစ်လျှောက်လုံးမှာ လိုလေသေးမရှိအောင် ကူညီဆောင်ရွက်ပေးခဲ့တဲ့ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ကိုလည်း ကျောင်းသား ကျောင်းသူများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါတယ်။

**မောင်ဖြိုးခန့်ကိုကို (သုံးထပ်ကွမ်းလူရည်ချွန်)**

ကျွန်တော်က ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲမှာ ဂုဏ်ထူးခြောက်ဘာသာနဲ့ အောင်မြင်ခဲ့တာဖြစ်ပါတယ်။ လူရည်ချွန်သုံးထပ်ကွမ်းလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့တရုတ်နိုင်ငံကိုသွားပြီး လေ့လာတဲ့အခါမှာ မဟာတံတိုင်း၊ နွေရာသီနန်းတော်အပါအဝင် သူတို့ရဲ့ယဉ်ကျေးမှုအမွေအနှစ်နေရာတွေကို သွားရောက်လေ့လာခဲ့ရပါတယ်။ သူတို့ရဲ့ လူနေမှုစနစ်ကိုလည်း လေ့လာခွင့်ရခဲ့တယ်။ ကုန်တိုက်တွေကိုလည်း ရောက်ခဲ့ပါတယ်။ အဲဒီလိုလေ့လာခဲ့ရတဲ့အတွက် ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ မတူညီတဲ့အချက်တွေကို သတိထားမိပြီးတော့ မတူညီတဲ့အတွေ့အကြုံခံစားမှုတွေနဲ့ မြန်မာနိုင်ငံကို ပြန်ရောက်လာတဲ့အခါမှာလည်း မတူညီတဲ့ရှုထောင့်ကနေကြည့်ပြီးတော့ ပိုပြီးတော့တိုးတက်အောင် ကြိုးစားနိုင်မယ်လို့ ထင်ပါတယ်။ ကျွန်တော်က ဆရာဝန်တစ်ယောက်ဖြစ်ချင်တာမို့ ဆေးကျောင်းကိုလျှောက်ထားပါတယ်။ အခုလို ကျွန်တော်တို့ကျောင်းသားလူငယ်တွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံကို လေ့လာရေးခရီးစဉ် စေလွှတ်ပြီးတော့ အစစအရာရာလိုလေသေးမရှိအောင် ဂရုစိုက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါတယ်။

**သတင်းစဉ်**



မယွန်းဆုဝေဇင်



မောင်ဖြိုးခန့်ကိုကို

## ကိုရီးယား - မြန်မာ ပူးပေါင်းရိုက်ကူးထုတ်လုပ်မည့် လူငယ်ဒရာမာရုပ်သံဇာတ်လမ်းတွဲနှင့် အားကစားအစီအစဉ်အတွက် သရုပ်ဆောင်ရွေးချယ်ပွဲ မြန်မာ့ရုပ်မြင်သံကြား၌ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၈**

ကိုရီးယား - မြန်မာ ပူးပေါင်းရိုက်ကူးထုတ်လုပ်မည့် လူငယ်ဒရာမာရုပ်သံဇာတ်လမ်းတွဲနှင့် အားကစားအစီအစဉ် (All PASS DRAMA & Sports Game) တို့အတွက် သရုပ်ဆောင်ရွေးချယ်ပွဲ (Audition) ကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့ရုပ်မြင်သံကြားတွင် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နှစ်ကြိမ်ခွဲ၍ ကျင်းပရာ မြန်မာနိုင်ငံမှ အသက်(၁၈)နှစ်မှ (၃၀) နှစ်အကြား ရွှေကြိုအနုပညာရှင် သရုပ်ဆောင်များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူလူငယ်များ ပါဝင်ယှဉ်ပြိုင်ကြသည်။



အဆိုပါ ဇာတ်လမ်းတွဲအား ကိုရီးယား-မြန်မာ နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်နိုင်ရန်၊ နှစ်နိုင်ငံတို့မှ လူငယ်ပရိသတ်များ အရည်အချင်း တိုးတက်လာစေရန်နှင့် စိတ်ခွန်အားပေးနိုင်ရန် ရည်ရွယ်ချက်တို့ဖြင့် ကိုရီးယားနှင့် မြန်မာနိုင်ငံတို့မှ လူငယ်သရုပ်ဆောင်များကို အဓိကသရုပ်ဆောင်နှင့် ဇာတ်ပို့/ဇာတ်ရန်များ ခွဲခြား၍ စိစစ်ရွေးချယ်ကြမည်ဖြစ်ပြီး ရုပ်သံဇာတ်လမ်းတွဲအား ကိုရီးယားနှင့် မြန်မာနိုင်ငံတို့တွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အပြန်အလှန် သွားရောက်ကာ ပူးပေါင်းရိုက်ကူးကြမည်ဖြစ်သည်။

ထို့ပြင် Sports Game ရုပ်သံအစီအစဉ်တွင် ပါဝင်မည့် သရုပ်ဆောင်အဖွဲ့ကိုလည်း တစ်ပါတည်း စိစစ်ရွေးချယ်မည်ဖြစ်ပြီး ကိုရီးယားဒါရိုက်တာဖြင့် နေပြည်တော်တွင် Indoor/Outdoor ခွဲခြား၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီလဆန်းတွင် ရိုက်ကူးကြမည်ဖြစ်သည်။

ယနေ့ Audition သို့ ကိုရီးယားနိုင်ငံမှ ဇာတ်လမ်းရိုက်ကူးမည့် ဒါရိုက်တာ Mr. GYE, YOON SIK၊ Sidus HQ Entertainment Company ဥက္ကဋ္ဌ Mr. CHUNG HOONKWANG၊ ကိုရီးယားရုပ်သံ ကုမ္ပဏီ KK Media မှ ဒါရိုက်တာနှစ်ဦး စုစုပေါင်း လေးဦးတို့က အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ လူငယ်အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၂၁ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ အောက်တိုဘာ ၁၉ ရက်တွင် ဆက်လက်ပြုလုပ်ကြမည်ဖြစ်သည်။

အလားတူ Audition အား ကိုရီးယားနိုင်ငံတွင်လည်း ၂၀၂၅ခုနှစ် စက်တင်ဘာ ၂၄ ရက်တို့တွင် ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ကိုရီးယား -မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု နှစ်(၅၀)ပြည့်မြောက်မှုအား ဂုဏ်ပြုသောအားဖြင့် အဆိုပါအစီအစဉ်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလဆန်းတွင် စတင်ရိုက်ကူးပြီး မတ်လအပြီးရိုက်ကူးထုတ်လုပ်ပြသနိုင်ရန် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) နှင့် ကိုရီးယားနိုင်ငံ KK Media Co., Ltd.တို့ ခွဲဝေကျခံ၍ ပူးပေါင်းရိုက်ကူးထုတ်လုပ်ပြီး ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးပိုလာမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအား (ဒုတိယအကြိမ်) ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ပညာသင်ချီးမြှင့်ငွေများပေးအပ်



**နေပြည်တော် အောက်တိုဘာ ၁၈**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များမှ တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူများအား (ဒုတိယအကြိမ်) ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ပညာသင်ချီးမြှင့်ငွေများ ပေးအပ်ခြင်းကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ပညာသင်ချီးမြှင့်ငွေများ ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အလားတူ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ခိုလမ်တပ်နယ်မှ တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူများအား (ဒုတိယအကြိမ်) ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ပညာသင်ချီးမြှင့်ငွေများ ပေးအပ်ခြင်းကို တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကိုဝင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ပညာသင်ချီးမြှင့်ငွေများ ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့အပြင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား(ဒုတိယအကြိမ်) ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ပညာသင်ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကော့မှူးမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး

**ကော့မှူး အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်စေရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။



ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က လူငယ်များအနေဖြင့် အခွင့်အလမ်းကို ဖမ်းဆုပ်နိုင်ရန်အတွက် မှန်ကန်သည့် အရည်အချင်းများ တိုးတက်ရန် လိုကြောင်း၊ တိုင်းပြည်နှင့် လူမျိုးအပေါ် ချစ်ခင်မြတ်နိုးစိတ်၊ ပြည်ထောင်စု စိတ်ဓာတ်တို့ဖြင့် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်နိုင်သည့် လူငယ်များဖြစ်လာအောင် ကြိုးစားနေထိုင်ကြရန်၊ လူငယ်များတွင် ရည်မှန်းချက်ပန်းတိုင်ရှိသင့်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**

## ကမာရွတ်မြို့နယ်ရှိ ရပ်ကွက်များ၌ မဲဆန္ဒရှင်စာရင်းများ လာရောက်ကြည့်ရှု

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်များတွင် မဲဆန္ဒရှင်စာရင်းများဖြစ်သော ပုံစံ (၁)၊ (၁-က) များကို စက်တင်ဘာ ၃၀ ရက်နေ့ နံနက်ပိုင်းက စတင်ပြီး ကပ်ထားကြေညာပေးလျက်ရှိရာ ပြည်သူများက လာရောက်ကြည့်ရှုကြသည်။

ထိုသို့မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိအမည်မဲစာရင်းတွင် မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ (၄)ဖြင့်ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် လိုအပ်သော ပုံစံများကိုလည်း သက်ဆိုင်ရာ ရပ်ကွက်အုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ထုတ်ယူနိုင်ကြောင်း သိရသည်။

**စိမ်းလဲ့(ပြန်/ဆက်)**



## ဟင်္သာတမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ဟင်္သာတ အောက်တိုဘာ ၁၈**

ဟင်္သာတမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစံကွက် ရိတ်သိမ်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက ဟင်္သာတမြို့နယ် တောင်ကလုံကျေးရွာအုပ်စု လက်ပံကုန်းကျေးရွာ ကွင်းအမှတ်(၁၅၉၂)၊ ဦးပိုင်အမှတ်(၇၆/၂)၊ တောင်သူ ဒေါ်ညိုညိုဆန်း၏ လယ်မြေ ၁၀ ကေ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဟင်္သာတခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် ခရိုင်/ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူ စုစုပေါင်း ၆၀ ခန့် တက်ရောက်ကြည့်ရှုအားပေးကြသည်။



အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းမှုတွင် ဟင်္သာတမြို့နယ် တောင်ဂလုံကျေးရွာအုပ်စု လက်ပံကုန်းကျေးရွာရှိ ကွင်းအမှတ် (၁၅၉၂)၊ ဦးပိုင်အမှတ် (၇၆/၂)ရှိ တောင်သူ ဒေါ်ညိုညိုစန်းပိုင် လယ်မြေ ၁၀ ကေ၌ စိုက်ပျိုးထားသော ရွှေရောစပါးမျိုး မိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနား တစ်ကေလျှင် စပါးအစို ၁၁၇ ဒသမ ၈ တင်းနှင့် စပါး အခြောက် ၁၀၉ ဒသမ ၀၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောက်မဲမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ထပ်မံဖွင့်လှစ်၊ ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ ကျောင်းသား ကျောင်းသူများ အမြန်ဆုံး ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ပူးပေါင်း၍ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကို အောက်တိုဘာ ၈ ရက်တွင်လည်းကောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းကို အောက်တိုဘာ ၁၅ ရက်တွင် လည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်း(နောင်ပိန်)ကို အောက်တိုဘာ ၁၆ ရက်တွင် လည်းကောင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းကို အောက်တိုဘာ ၁၇ ရက်တွင် လည်းကောင်း၊ ယနေ့တွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းကိုလည်းကောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့ရာ ယနေ့အထိ အခြေခံပညာကျောင်း ခြောက်ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။



အဆိုပါကျောင်းများ၌ ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ယနေ့တွင် ကျောင်းသားကျောင်းသူ ၁၃၆ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်းကျောင်းသား ကျောင်းသူ ၄၀၂၄ ဦး ကျောင်းတက်ရောက်လျက်ရှိပြီး စာပေပညာများကို စိတ်အေးချမ်းသာစွာ သင်ကြားလျက်ရှိကြောင်း သိရှိရသည်။ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးခြင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၇၈ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာတစ်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် သာယာဝတီခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၆၈၀ တန်၊ အခြားသစ် ၂ ဒသမ ၀၉၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၄၀၄၄) ကို သစ်တောဥပဒေအရ လည်းကောင်း၊ အောက်တိုဘာ ၁၆ ရက်တွင် ရွှေတောင်မြို့နယ် ဆင်မကြပ်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၇၄၀၄၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂ ရက်တွင် ရမည်းသင်းမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၅၉၈ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၈၂၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ အမရပူရမြို့နယ် ပုသိမ်ကြီးမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ဆယ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၅၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ အောက်တိုဘာ ၁၆ ရက်တွင် မန္တလေးမြို့ ရွှေကြက်ယက်ဂိတ်၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း အမျိုး ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂၅၂၈၈၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး၊ Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၆၉၁၀၈၀ ကို အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် မော်လမြိုင်မြို့နယ် ခရွှန်းရှမ်းကျေးရွာရှိ အအေးခန်းဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၂၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၅၁၆၁၂၀၀) ကို အမြန်စီမံခန့်ခွဲရန် လိုအပ်သောကုန်ပစ္စည်းများဆိုင်ရာ လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ ဂိုဒေါင်ပိုင်ရှင်အား ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၅၁၆၁၂၀၀ ကို အမှုတွဲဖွင့်လှစ်ထားရှိသည်။

အလားတူအကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် သီလဝါ ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၅၆၂၄၀) ကို လည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၀၅၅၂၅၃၂) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(ကုန်လှောင်ရုံ)၌ စိန်ဟုယူဆရသော Synthetic Stone ၃ ဒသမ ၂၆၈ ကာရက် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၃၇၀၈၇၇၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အောက်တိုဘာ ၂ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ (၁၉)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၅၄၃၅၀၉၆)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ဒေးဒရဲမြို့နယ်ရှိ အင်းချောင်းများအတွင်း ငါးမျိုးစိုက်ထည့်နိုင်ရေး ငါးသားပေါက်များ ပေးအပ်

**ဒေးဒရဲ အောက်တိုဘာ ၁၈**

ဒေးဒရဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက မြစ်ချောင်းအင်းအိုင်များတွင် ရေသယံဇာတတိုးပွားစေရေးနှင့် ငါးသယံဇာတများမပြုန်းတီးစေခြင်းဖြင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာပိုမိုဖူလုံလာစေပြီး စားသုံးမှုမြင့်မားလာနိုင်ရေးအတွက် ရည်ရွယ်၍ ၂၀၂၅ – ၂၀၂၆ ကြေးတိုင်ရအင်းသားကြီးများအား အင်းချောင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်နိုင်ရေး ငါးသားပေါက်များပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ပြုလုပ်သည်။

အဆိုပါ ငါးသားပေါက်များလွှဲပြောင်းပေးအပ်ခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၂၅–၂၀၂၆ အင်းလုပ်ငန်းရာသီအတွက် မြို့နယ်အတွင်းရှိ ကြေးတိုင်ရ အင်းကိုးအင်းအတွင်းသို့ ငါးမျိုးများစိုက်ထည့်နိုင်ရေး အင်းလုပ်သားကြီးများ လက်ဝယ်သို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၈၄၂၃၂ ကောင်နှင့် ငါးတန်သားပေါက်ကောင်ရေ ၂၅၀၅၉ ကောင်ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကွင်းဆင်းဆောင်ရွက်

**တောင်ကြီး အောက်တိုဘာ ၁၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနမှ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က တောင်ကြီးမြို့ဘုရားဖြူရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ ထီသိမ်၌ ပြုလုပ်သည်။



ဦးစွာ ဟောပြောပွဲအခမ်းအနားကို Myanmar Youth Fellowship အဖွဲ့က အကဖြင့် တင်ဆက်ဖွင့်လှစ်ပြီး ရှမ်းပြည်နယ် လူငယ်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဌေးက "လူငယ်နှင့်ရည်မှန်းချက်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူးဦးဆူးညီညီသိန်းဝင်းက "လူငယ်နှင့် အားကစား" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Myanmar Youth Fellowship အဖွဲ့မှ ဦးဂျာလက "နားထောင်ခြင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးသိန်းအောင်က "လူငယ်နှင့် စာဖတ်ခြင်း" ဖြင့် လည်းကောင်း ဟောပြောကြသည်။

ထို့နောက် တောင်ကြီးခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နော်မေရီမိုးက အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ကြီး ဒေါ်စန်းစန်းယုက လက်ခံရယူသည်။

ဆက်လက်၍ အမက (မူလွန်) ပါမိုးနဲ ကျောင်းသို့သွားရောက်၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပြီး အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မောက်မယ်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စက်သုံးဆီအရောင်းဆိုင်များ စစ်ဆေး

**မောက်မယ် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းလင်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့နယ်လျှပ်စစ်မှူးတို့ ပူးပေါင်းပါဝင်သောအဖွဲ့က မြို့နယ်အတွင်းရှိ စက်သုံးဆီ အရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**



## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၈** – နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**



မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်အတွင်း ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် သားများဘာ ကျေးရွာအဝင်လမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ ကျောက်ဆည်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်စန်းစန်းဝါတို့ အောက်တိုဘာ ၁၈ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

ရဲတင့်(ပြန်/ဆက်)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ယ/၂၁၄၈၇ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလွင် ၁၀/မလမ(နိုင်)၁၄၄၀၆၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅၇ယ/၄၈၆၄၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆုမွန်ဦး ၁၀/သထန(နိုင်)၂၃၀၄၃၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၇၃ယ/၅၉၃၀၈ ယာဉ်လက်ဝယ်ရှိသူ ဦးအိုကာရှာ ၁၀/ကမရ(နိုင်)၂၀၅၇၂၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)

**အများသိရှိနိုင်ပါရန် နှင့် အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ သဲလမ်း၊ အိမ်အမှတ်-၉၂ တွင် နေထိုင်သူ(ဘ)ဦးလှသန်းစိန်၏ သမီး၊ (၁၂/သလန(နိုင်)၁၆၃၆၈၅)ကိုင်ဆောင်သူ ဒေါ်ခင်ချစ်စု၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိရှိနိုင်ပါရန် အသိပေးကြေညာပါသည်-

ဒေါ်ခင်ချစ်စုနှင့် ဦးနေမျိုးဇေယျာတို့မှာ(၂၉-၁၂-၂၀၂၁)ရက်နေ့တွင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ လက်ထပ်ပေါင်းသင်းနေထိုင်လာခဲ့ပြီး ယခုအခါ မိမိတို့နှစ်ဦးထံတွင် တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းကာ အတူနေထိုင်လိုသည့် စိတ်ဆန္ဒမရှိတော့သဖြင့် အသိသက်သေလူကြီးမင်းများရှေ့တွင် "နှစ်ဦး သဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်"အား(၁၈-၁၀-၂၀၂၅)ရက်နေ့တွင် လက်မှတ်ရေးထိုးကာ လက်ထပ်ပွားပစ္စည်းခွဲဝေရေးနှင့် ခလေးအုပ်ထိမ်းခွင့်တို့ကိုပါ အပြီးတိုင် ခွဲဝေစီမံပြီးဖြစ်၍ လင်မယားနှစ်ဦးပိုင်ပစ္စည်းအဖြစ် မည်သူ့ထံတွင်မှ မကျန်ရစ်တော့ဘဲ မိမိတို့၏ အိမ်ထောင်ရေးအား ကောင်းမွန်စွာ အဆုံးသတ်ခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ နောက်နောင် ဦးနေမျိုးဇေယျာနှင့် သက်ဆိုင်သော ကိစ္စရပ်မှန်သမျှအဝဝသည် ဒေါ်ခင်ချစ်စုနှင့်လုံးဝပတ်သက် ဆက်နွယ်ခြင်းမရှိပါကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်သည်ကို အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ- ဒေါ်ခင်ချစ်စု

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်သဲဆုဇာခြည်သိမ့် LL.B.D.B.L.D.I.L, (W.I.P.O-Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၄၀၄၆)
အမှတ်(၃၇)၊T.T.Uရှေ့၊သန်လျင်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၅ ၉၇၉ ၁၂၆။

**အများသိစေရန် ကြေညာခြင်း**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ကဘူရွာနေ ဒေါ်အေးအေးသီ (၈/ခမန(နိုင်)၁၁၀၀၅၅)၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်အေးအေးသီနှင့် ဦးစိုးမိုးအောင်တို့ လင်မယားနှစ်ဦးပိုင်ဆိုင်သော တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ကဘူရွာရှိ အမှတ်(၃၅)မြေပေါ်ရှိ နေအိမ်နှင့် ကမြောကြီးကျေးရွာ၊ ဆန်စက်ဟောင်းနံဘေးရှိ မြေကွက်တို့အား ခင်ပွန်းဖြစ်စေ၊ ဇနီးဖြစ်စေ တစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွှဲပြောင်းရောင်းဝယ်ခြင်းများ မပြုလုပ်နိုင်ပါကြောင်း ကြေညာပါသည်။

ဦးလင်းဝေLL.B
အထက်တန်းရှေ့နေ(စဉ်-၅၅၆၀၀)
အမှတ်(၉၄)၊ ဦးကျော်ရင်လမ်း၊ အနောက်ရပ်၊ ထားဝယ်မြို့၊
ဖုန်း-၀၉-၄၅၀၃၆၀၇၅၀

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ မြေကွက်အမှတ်(၉၈)၊အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးတင်မောင်ကို (၃/ဖပန(နိုင်)၀၀၀၇၈၁) အမည်ပေါက်ပါ မစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့် ရှိကြောင်းအဆိုပြုသူ ဒေါ်စိုးစိုးနွယ်(၁၄/ပတန(နိုင်)၁၁၄၆၀၂)ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ကဝယ်ယူရန် အတွက် စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်နိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)
Ph,09421746974၊

**အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဆ/ခရပ်ကွက်၊ ရတနာလမ်းသွယ်၊ အမှတ် (၆၅၆)နေ ဒေါ်ကြည်ကြည်ခိုင်(၁၂/အစန(နိုင်)၂၈၃၆၆၆) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အမှတ်(၆၅၆)၊ ရတနာလမ်းသွယ်၊ ဆ/ခရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ မြေပေါ်တွင်ဆောက်လုပ်ထားသော သွပ်မိုး၊ ပျဉ်ခင်း၊ကျောက်ပြားကာရံထားသော ပျဉ်ထောင် (၂)ထပ်အိမ်၊ အလျား (၃၀ပေ)xအနံ (၉ပေ)အကျယ်ရှိ အိမ်သည် ဒေါ်စန်းစန်း၊ ဒေါ်ကြည်ကြည်ခိုင်၊ ဒေါ်တင်မျိုးလှိုင်၊ ဒေါ်နှင်းရည်ထွေး (၄)ဦးပေါင်း ငွေစိုက်ထုတ်၍ ဆောက်လုပ်ထားခြင်းဖြစ်ပြီး (၄)ဦးစလုံးလည်း အဆိုပါနေအိမ်ပေါ်တွင် နေထိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ပါအိမ်အား ဒေါ်ကြည်ကြည်ခိုင်၊ ဒေါ်တင်မျိုးလှိုင်တို့၏ခွင့်ပြုချက်တစ်စုံတစ်ရာမပါဘဲ အခြားမည်သူမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း စသည်တို့ခွင့်မပြုကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ကြည်ကြည်ခိုင်
(၁၂/အစန(နိုင်)၂၈၃၆၆၆)

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သက်သက်မာ
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၀၂၂)
ဖုန်း-၀၉-၇၉၂၇၂၄၈၂

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/မြဝတီ၊ ဦးပိုင်အမှတ် (၉၃ᵃ)၊ ဧရိယာ(၀.၁၅၂)ဧကရှိ ဒေါ်အေးပြည့်သူ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ် မြေကွက်အား ဒေါ်အေးပြည့်သူ (ဘ)ဦးခင်မောင်မြင့် (ခ)ဦးကုလား ၉/တကန(နိုင်)၁၃၇၆၇၇မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်နန္ဒာဖြိုး(ဘ)ဦးလွင် ၉/တကန(နိုင်)၁၉၁၄၉၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ




# တိုင်းရင်းဆေးဆရာများ ပူးပေါင်းကွင်းဆင်းဆေးကုသ

**ဒိုက်ဦး အောက်တိုဘာ ၁၈**

ဒိုက်ဦးမြို့ အမှတ်(၇) စက်ကွင်းရပ်ကွက် သီရိမင်္ဂလာပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန (ရုံးချုပ်) နှင့် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးစီး၍ စတုတ္ထအကြိမ်မြောက်ဆေးကုသမှုဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းကွင်းဆင်းကုသပေးမှုကို ယနေ့နံနက်ပိုင်း ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကုသပေးရာတွင် ဒူးနာခါးနာရောဂါ၊ ဇက်ကြောပေါင်းရောဂါ၊ လက်ကပ်ရောဂါ၊ အကိုက်အခဲရောဂါ၊ အဆစ်အမြက်ရောင်ရောဂါနှင့် အခြားရောဂါဝေဒနာများအား ဆေးကုသခဲ့ကြောင်းနှင့် ဆေးကုသ မှုခံယူသူ ၁၇၀ ရှိကြောင်း သိရသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့်အဖွဲ့ဝင်များက ဆေးကုသမှုခံယူသူပြည်သူများနှင့် ဆေးကုသမှုများအား လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**


**တစ်ဦးတည်းဖြစ်ပါကြောင်း**

မြိတ်မြို့နယ်၊ တညက်ကျေးရွာအုပ်စု၊ ကျောင်းတောင်ကျေးရွာနေ မယမင်းစိုး၏ဖခင် ဦးညီညီစိုးနှင့် ဦးရီစိုး ၆/ကစန(နိုင်)၀၄၈၁၂၅၊ မိခင် ဒေါ်သန်းသန်းအေးနှင့် ဒေါ်သန်းအေး ၆/မအရ(နိုင်)၀၄၈၇၈၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးညီညီစိုး(ခ)ဦးရီစိုး၊
ဒေါ်သန်းသန်းအေး(ခ)ဒေါ်သန်းအေး


**မီးကြွင်းမီးကျန် သတိပြု**


**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၇၇ယ/၅၇၃၁၀, Honda Wave- 100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံဝင်း ၆/မမန(နိုင်)၂၃၅၀၅၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြိတ်)

**အများသိစေရန် ကြေညာခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၁) ရပ်ကွက်၊ သံယောဇဉ်လမ်း၊ အမှတ် (၇/၁၁၇၂)တွင် နေထိုင်သော ဒေါ်နီနီရှိန် (၁၂/လကန(နိုင်)၀၃၃၇၁၇) ၏ လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

၂။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီရှိန်သည် (၃၀-၁၁-၂၀၂၀)ရက်တွင် အမှတ်(၁၉/၂၀)၊ ဗဟိုလမ်း၊ ကမာရွတ်မြို့နယ်နေ ဦးမင်းမင်းမောင်(၁၄/ပသန(နိုင်)၀၀၁၅၇၀) ထံမှ ယာဉ်အမှတ် 5R/5781 (Mitsubishi Eclipse Cross) အမျိုးအစား မော်တော်ယာဉ်အား ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိအချိန်အထိ ဒေါ်နီနီရှိန် အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါမော်တော်ယာဉ်အား သားဖြစ်သူမောင်အောင်အောင်သစ် (၁၂/ဒဂတ(နိုင်) ၀၆၈၂၇၈) က အလုပ်ကိစ္စအကြောင်းပြ၍ ကားနှင့်အတူ ကားနှင့်ပတ်သက်သည့် ယာဉ်မှတ်ပုံတင်စာအုပ်၊ ဗီးတက်နှင့် စာရွက်စာတမ်းမူရင်းများအား (၁၄-၁၀-၂၀၂၅)ရက်မှစ၍ ယူဆောင်သွားခဲ့ပြီး ယနေ့အထိ သားဖြစ်သူ မောင်အောင်အောင်သစ်နှင့် အဆိုပါမော်တော်ယာဉ်မှာ နေအိမ်သို့ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးလျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ မည်သူမဆို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီရှိန်၏သားဖြစ်သူ မောင်အောင်အောင်သစ်အား ဖြားယောင်းသွေးဆောင်ခေါ်ယူထားခြင်း၊ ဒေါ်နီနီရှိန်အမည်ပေါက်ပိုင်ဆိုင်သော ယာဉ်အမှတ် 5R/5781 (Mitsubishi Eclipse Cross) အမျိုးအစားမော်တော်ယာဉ်ကို မရိုးမဖြောင့်သော သဘောနှင့်ပေါင်နှံခြင်း၊ ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်ပါသည်။ အကယ်၍ ဖော်ပြပါကိစ္စတို့ကို ပြုလုပ်ခဲ့ပါက သက်ဆိုင်သူတို့က ဒေါ်နီနီရှိန် ထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း မရှိပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နီနီရှိန်၏လွှဲအပ်ညွှန်ကြားချက်အရ -
ဦးရဲထူးကျော် (LL.B) အထက်တန်းရှေ့နေ (စဉ်-၃၇၅၈၂/၂၀၁၁)
အမှတ် (၉) မြေညီ၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း- ၀၉-၇၅၂၄၀၄၄၂၈


**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# ပုဇွန်တောင်မြို့နယ်၌ ရှစ်လွှာမှ ပြုတ်ကျသော ကလေးငယ်အား မြို့နယ်မီးသတ်ဦးစီးဌာနမှ ကယ်ဆယ်နိုင်ခဲ့

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၇)ရပ်ကွက်တွင် အောက်တိုဘာ ၁၇ ရက် ည ၉ နာရီ ၂၅ မိနစ်က ရှစ်လွှာမှ တိုက်နှစ်လုံးကြားသို့ ကလေးငယ်တစ်ဦး ပြုတ်ကျပြီး ၁၈ မိနစ်ခန့်အကြာတွင် ကယ်ဆယ်နိုင်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၇ ရက် ည ၉ နာရီ ၂၅ မိနစ်တွင် အမှတ်(၇)ရပ်ကွက် ရေကျော်လမ်း တိုက်အမှတ်(၆၆) ရှစ်လွှာနေအိမ်တွင် အလည်လာရောက်သော အသက် ၃နှစ် ၆ လအရွယ်ရှိ မဟန်သီလင်းစက်သည် အခန်းရှိ ထပ်ခိုးတွင် ဆော့ကစားရင်း နှစ်ပေပတ်လည် ပြတင်းပေါက်တံခါးပွင့်၍ အောက်ပြုတ်ကျကာ သုံးလွှာတွင် ညှပ်နေကြောင်း သတင်းရရှိမှုကြောင့် ပုဇွန်တောင်မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းချမ်းဦးဆောင်၍ မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ကျောက်တံတားမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ပီတိမေတ္တာလူမှုကူညီရေးအသင်းနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ည ၉ နာရီ ၂၉ မိနစ်တွင် ရောက်ရှိပြီး Power Unit အသုံးပြု၍ သုံးလွှာရှိ ပြတင်းပေါက်သံပန်းများကို ဖြတ်တောက်၍ ကယ်ဆယ်ခဲ့ရာ ည ၉ နာရီ ၄၃ မိနစ်တွင် မဟန်သီလင်းစက် (မစိုးရိမ်ရ) အား ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး မဟန်သီလင်းစက်အား ပုဇွန်တောင်မြို့နယ် ပီတိမေတ္တာလူမှုကူညီရေးအသင်းမှ လူနာတင်ယာဉ်ဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**ဟန်စုယဉ်**

# MNL ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၁၈**

၂၀၂၅-၂၀၂၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) ပထမနေ့ကို အောက်တိုဘာ ၁၈ ရက်က ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း အနိုင်ရခဲ့သည်။

တောင်ကြီးကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ဒဂုံစတား ယူနိုက်တက်အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ ဂိုးပြတ်နိုင်ပွဲရယူပြီး ရှုံးပွဲမရှိ စံချိန်ဆက်ထိန်းခဲ့သလို ငါးပွဲကစားထားရာတွင် ရမှတ် ၁၃ မှတ်အထိ ရယူနိုင်ခဲ့သည်။ ဒဂုံစတားအသင်းသည် အဝေးကွင်း၌ ထူးထူးခြားခြား လုပ်မပြနိုင်ဘဲ ပထမပိုင်းတွင် တစ်ယောက်အထုတ်ခံရသဖြင့် ဂိုးပြတ်ရှုံးသွားခြင်းဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ပွဲအစတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နှစ်သင်းစလုံး ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ ပွဲအစ ၁၇ မိနစ်တွင် ယုကီက ရှမ်းယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး မိနစ် ၃၀ ကျော်တွင် အသင်းခေါင်းဆောင် ဆွမ်လမန် အထုတ်ခံရသဖြင့် ဒဂုံစတားအသင်း တစ်ယောက်လျော့သွားပြီး ရှမ်းယူနိုက်တက်အသင်းကို ယှဉ်ကစားနိုင်ရန် ခက်ခဲခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပွဲကိုထိန်းချုပ်ကစားသွားပြီး ၆၄ မိနစ်တွင် မြတ်ကောင်းခန့်၊ ၇၇ မိနစ်တွင် စအောင်ပြည့်ကိုနှင့် ၈၄ မိနစ်တွင် ဆိုဇာတို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းက ငါးပွဲကစား ၁၃ မှတ်၊ ဒဂုံစတားအသင်းက ခြောက်ပွဲကစား ၁၁ မှတ် ရရှိထားသည်။ **သော်လေး**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(လ-၂)၊ ၇၃-လမ်း၊ ၁၁၃x၁၁၄-လမ်းကြားနေ ဦးမိုးညွန့် ၏ ဇနီး-ဒေါ်သိမ့်သိမ့်စိုး (ဘ) ဦးမောင်မောင် ၅/မရန (နိုင်)၁၇၃၃၇၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်-

PYTI TAING HTAUNG Co., LTD အမည်ဖြင့် ကွမ်းစားနှပ်ဆေး ကုမ္ပဏီကို လွန်ခဲ့သော (၁၆)နှစ်ခန့်မှစ၍ တည်ထောင်ခဲ့ပြီး ယခုအချိန်ထိတိုင်အောင် ဖွင့်လှစ်တည်ထောင်လုပ်ကိုင်ဆဲဖြစ်ပြီး အမြို့မြို့အနယ်နယ်သို့ ဖြန့်ဖြူးရောင်းချနေသည်မှာလည်း ယနေ့အချိန်ထိဖြစ်ပါသည်။

အထက်ဖော်ပြပါ PYTI TAING HTAUNG Co., LTD ၏ ဖောက်သည်များကို အထင်အမြင်လွဲမှားစေရန်နှင့် ထင်ယောင်ထင်မှားဖြစ်စေရန် PYTI TAING HTAUNG Co., LTD မှာ ယနေ့အချိန်တွင် ဖွင့်လှစ်ရောင်းချခြင်းမရှိတော့ကြောင်း၊ လုပ်ငန်းများရပ်ဆိုင်းသွားပြီးဖြစ်ကြောင်း၊ ကုမ္ပဏီ၏ဖောက်သည်များအား မဟုတ်မမှန် သတင်းလွှင့်ခြင်း၊ ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက် နစ်နာစေရန် ရည်ရွယ်သောအားဖြင့် ပြောဆိုခြင်းနှင့် ကုမ္ပဏီ၏ဖောက်သည်များအား မဟုတ်မမှန်ပြောဆိုသည့် မည်သူတစ်ဦးတစ်ယောက်ကိုမဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်သိမ့်သိမ့်စိုး ၏လွှဲအပ်ချက်အရ-**

**ဒေါ်သီတာလွင် (LL.B)** (စဉ်-၁၀၇၇၆) **ဒေါ်စောမြသန္တာ (LL.B)** (စဉ်-၁၀၄၄၀)

(တရားလွှတ်တော်ရှေ့နေများ)

အကွက်(၆၂/ခ) ၅၄-လမ်း၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊

ဖုန်း-၀၉-၇၉၇၃၅၅၃၃၇

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၆၃၊ ဦးပိုင်အမှတ် ၄၄-က/၃၃ လမ်း၊ ၈၆ လမ်းနှင့် ရွှေတချောင်းလမ်းကြားရှိ ဦးတင်အုံး၊ဒေါ်သန်းမြင့် အမည်ပေါက် ဘိုးဘမြေကွက်အား ဦးတင်အုန်း(ခ) တင်အုံးမှ အပေးစာချုပ်အမှတ် (၃၂၈၂/၂၀၀၂)ဖြင့် ဒေါ်သန်းမြင့်၊ ဦးအောင်ကျော်မိုး၊ ဒေါ်မော်မော်၊ ဦးမင်းမင်းလတ်၊ ဒေါ်မွန်မွန်တို့အား ပေးကမ်းခဲ့ ပြီး ဖခင် ဦးတင်အုန်း(ခ) တင်အုံး၊ မိခင် ဒေါ်သန်းမြင့်တို့ ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြသော ဦးအောင်ကျော်မိုး ၉/မရမ(နိုင်) ၀၁၄၇၀၅၊ ဒေါ်မော်မော် ၉/မရမ(နိုင်)၀၀၀၃၈၃၊ ဦးမင်းမင်းလတ် ၉/မရမ(နိုင်)၀၀၀၈၂၃၊ ဒေါ်မွန်မွန် ၉/မရမ(နိုင်)၀၀၄၁၁၄ တို့က အမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ကွင်းအမှတ်(၁၆က/၁ခ၊ အုတ်ကျင်းရွာ)၊ ဦးပိုင်အမှတ် (၂၇၅)၊မြေဧရိယာ၀ ဒသမ ၀၅၅ဧကရှိမြေကွက်သည် မူလက ဒေါ်ဘစ္စနားအမည်ဖြင့် ၂၀-၈-၂၀၁၈ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး၊ ဂရန်အမည်ပေါက်သူ ဒေါ်ဘစ္စနားထံမှ ဒေါ်နီမာယာ(ခ)ဖြူဖြူအေးက ၇-၈-၂၀၂၅ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၂၉၀/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ဒေါ်နီမာယာ(ခ)ဖြူဖြူအေး ၁/တနန(နိုင်) ၀၁၁၀၂၅အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ရာဒါကောင်း(အေ)၊ အိမ်အမှတ် (၁/၂၂က)နေ မောင်သန်းဇော်ဦး ၁/မကန(နိုင်)၂၅၃၃၇၀ (ဘ)ဦးဇော်လင်း၊ (အမိ)ဒေါ်သာရာဒေဝီ တို့၏ သားသည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘအား အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖေ့စ်ဗဟာဒူး**
**အထက်တန်းရှေ့နေ(စဉ်-၄၅၀၁၅)**
**ဖုန်း-၀၉-၄၀၀၀၃၆၆၁၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/33053, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်စန်းမောင် ၁၄/ဝခမ(နိုင်) ၃၁၃၀၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3C/1694 Nissan KTGD21 Pickup (EXTRA CAB) ယာဉ်လက်ဝယ်ရှိသူ ဦးညီမင်းလွင် ၁၂/စခန(နိုင်)၀၆၉၃၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့ကွက်သစ်)၊ ဦးပိုင်အမှတ် (၁၂၆၇)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၉၆ဧက၊ မြေဂရန်အမှုတွဲအမှတ် ၄၈၉-၅/၁၉၉၇-၉၈(အေ)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်လက်ရှိထားပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းသိန်းဟန်(ဘ)ဦးငင်းရွက် ၁၃/သပန (နိုင်) ၀၅၀၈၉၇ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝင်းတင် (ဘ) ဦးထွန်းရင် ၉/မနမ (နိုင်)၀၀၂၇၃၀က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ ပေးချေထားပြီးဖြစ်သည်။ အထက်ပါ အရောင်းအဝယ်ကိစ္စကန့်ကွက်လိုပါကဤ ကြေညာချက်ပါသည့်ရက်မှ ရက်သတ္တတစ်ပတ်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်အမှုသည်ထံသို့ဖြစ်စေ လာရောက် ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်ရန်သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးဝင်းတင် (ဘ) ဦးထွန်းရင်**
**၉/မနမ (နိုင်) ၀၀၂၇၃၀**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန်းဆိုင်ထွေး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၆၇၉/ ၂၀၂၀)**
**ဖုန်း-၀၉-၂၆၃၂၄၂၉၂၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### အလုံခရိုင်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၉

ဦးသက်နိုင်ထွန်း နှင့် ဒေါ်သဇင်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်အိအိဖြူ)
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ သရက်တော(၆)လမ်း၊ (၈)လွှာ၊ အမှတ်၆၅နေ ဒေါ်သဇင် (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုက"လက်ရောက်ဝယ်ယူထားသော မြေနှင့်မြေညီထပ်တိုက်ခန်းအား မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက် (၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်)မွန်းမတည့်မီ နံနက် ၁၁:၁၀နာရီတွင် အထက်အမည်ပါသူ တရားလို ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်တို့၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်တို့၏ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သူဇာအေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**အလုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန်(City Loft)၊ တိုက်အမှတ်(CL3)၊ အခန်းအမှတ်(၆၀၃)၊ တိုက်ခန်းအမျိုးအစား (2 Bedroom)၊ ခန့်မှန်းကြမ်းခင်းဧရိယာ (၇၁၀)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဒေါ်အိအိဝင်း ၁၀/သဖရ(နိုင်)၀၀၀၀၇၁တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါက်တာဦးတင်ဝင်း ၁၂/တမန(နိုင်)၀၆၇၉၉၀**
**ဖုန်း-၀၉ -၇၈၈၀၇၁၅၃၅**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်းနှင့် လယ်ယာရှေ့မြေ လမ်းထောင့်၊ အမှတ်(၈၇၈)ဟုခေါ် တွင်သော (၂)ခန်းတွဲ (၆)ထပ် တိုက်၏ ၅-လွှာ(တိုက်ရှေ့မျက်နှာမူလျှင်- ဝဲဘက်)၊ အကျယ်အဝန်း (၁၈ပေx၅၅ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်ငြိမ်းငြိမ်းအိ ၅/ကနန(နိုင်)၁၀၅၅၂၁ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အိသဲဝင်း ၁၄/ပသန(နိုင်)၂၂၅၆၆၄က အပြီးအပိုင် ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၁)၊ ပထမထပ်၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

## မိဘအမည်မှန်

သဃ်န်းကျွန်းမြို့နယ်၊ ထက် (ပညာ့ရိပ်) ကိုယ်ပိုင်အထက်တန်းကျောင်း၊ G-12မှ မနှင်းကေရီဝင်း၏ မိဘအမည်မှန်မှာ ဦးသက်နိုင်ထွန်း ၁၂/ပဇတ(နိုင်)၀၂၇၇၆၃- ဒေါ်ခင်သီတာဝင်း၁၂/တကန(နိုင်)၁၂၆၇၄၀ ဖြစ်ပါသည်။

## အမည်ပြောင်းခြင်း

ဦးနေထက်အောင် ၇/ပတတ(နိုင်) ၁၀၀၃၉၁၏ သမီးကြီး ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ မလင်းရတနာဦး (Year 2,MISY)အား မသီရိရတနာဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/12081 Honda Wave 100M/C ယာဉ်လက်ဝယ်ရှိသူ ဦးကံမြင့် ၁၄/ဝခမ(နိုင်)၀၉၇၆၄၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/7314, Toyota Corolla CE107, S/W ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော်ဦး ၁၂/သဃက(နိုင်)၁၄၃၁၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## မွန်ပြည်နယ်
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## မော်လမြိုင်မြို့
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်
## ကတ္တရာပုံးခွံများ လေလံတင်ရောင်းချရန်
## လေလံခေါ်ယူခြင်း

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့မှ လမ်းလုပ်ငန်းများတွင် အသုံးပြုခဲ့သော ကတ္တရာများ၏ ကတ္တရာပုံးခွံများအား လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် လေလံတင်သွင်း နိုင်ပါရန် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| (က) | **လေလံလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက်** | - ၂၁-၁၀-၂၀၂၅ ရက်မှ ၂၉-၁၀-၂၀၂၅ ရက်ထိ |
| (ခ) | **လေလံလျှောက်လွှာ ဝယ်ယူရမည့်နေရာ** | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊မော်လမြိုင်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာန၊ |
| (ဂ) | **လေလံဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** | - ၃၁-၁၀-၂၀၂၅ ရက် (သောကြာနေ့)၊ မွန်းလွဲ (၁၄:၀၀)နာရီ |
| (ဃ) | **လေလံပွဲကျင်းပမည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မွန်ပြည်နယ် |

**လေလံကော်မတီ**
**မွန်ပြည်နယ်၊ မော်လမြိုင်မြို့**
**ဖုန်း-၀၉-၄၂၃၇၁၂၆၈၅၊ ၀၉-၄၄၉၂၅၁၅၈၅**

## ဒေါ်ကျော့ကျော့နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ်(၂၁၅)နေ ဦးမြင့်နိုင် (ဘ)ဦးအောင်မြင့် ၉/ပမန(နိုင်) ၀၁၄၇၇၁နှင့် ဒေါ်ကျော့ကျော့ (ဘ)ဦးအုန်းမောင် ၉/ပမန(နိုင်) ၀၁၄၇၇၂ တို့သည် ၃-၆-၁၉၈၈ရက်တွင် တရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာမှ သားသမီး(၂)ဦး ထွန်းကား ခဲ့ပါသည်။ လက်ထပ်ပွားပစ္စည်းအဖြစ် (က)ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ အိမ်အမှတ်-၁၅/၇၄၉၊ အရှေ့လားသော်- ၁၅/၇၅၀၊ အနောက်လားသော်-၁၅/၇၄၈၊ တောင်လားသော်-လမ်း၊ မြောက်လားသော်-၁၅/၇၀၄+၁၅/၇၀၆ စသည့် အလား(၄)ရပ်အတွင်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊ (ခ)ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ အိမ်အမှတ် ၁၅/၂၁၅၊ ၁၅/၂၁၆၊ အရှေ့လားသော်-၁၅/၂၁၇၊ အနောက်လားသော်-၁၅/၂၁၄၊ တောင်လားသော်-လမ်း၊ မြောက်လားသော်-၁၃၃၂ ပလက်တီနန် KTV စသည့် အလား(၄)ရပ်အတွင်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊ (ဂ) NISSAN URYAN -YGN-31 9I/4962 နံပါတ်ပါ ၁၅ ယောက်စီး အဆင့်မြင့်ဒီဇယ်သုံး အနက်ရောင် မော်တော်ယာဉ်အစရှိသည်တို့ ဖြစ်ထွန်းခဲ့ပါသည်။

ကျွန်တော်နှင့် ဒေါ်ကျော့ကျော့တို့သည် တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေးအဆင်မပြေမှုများရှိလာသဖြင့် အထက်ပါဖော်ပြပါ (က)၊ (ခ)၊ (ဂ) ပါ ပစ္စည်းအရပ်ရပ်တို့အား ကျွန်တော်၏ သဘောတူခွင့်ပြုချက်မပါရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ အာမခံအဖြစ် ထားရှိခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ မူလခုသွင်ပြင် အခြေအနေ ပျက်ယွင်းအောင် ဆောင်ရွက်ခြင်းတို့အား လုံးဝ(လုံးဝ)ခွင့်မပြုပါကြောင်းနှင့် ဖြစ်ပေါ်လာမည့်ကိစ္စအဝဝကို တာဝန်မယူပါကြောင်း၊ တစ်ဦးဦးက ဆောင်ရွက်လာမည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ကျော့ကျော့နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမြင့်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးသူရလှိုင် (LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၆၈)**
**စက်ပိုင်းပဒေသာရပ်၊ အေလာမြို့၊ ဖုန်း-၀၉-၂၅၀၆၉၆၇၀၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ (Star City) ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း၊ City Villas (206) တွင် တည်ရှိပြီး ခန့်မှန်းမြေကွက်ဧရိယာ(၂၄၀၀) စတုရန်းပေ၊ ခန့်မှန်းတည်ဆောက်ပြီးဧရိယာ(၂၅၃၃)စတုရန်းပေရှိ မြေနှင့်အဆောက်အအုံတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဒေါ်အိန္ဒြေသီဟ ၁၂/တတထ(နိုင်)၀၀၂၈၃၆ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းအေး**
**၁၃/တကန(နိုင်)၀၆၆၄၂၅**
**ဖုန်း-၀၉-၅၁၃၀၄၉၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၂၂၈+၂၂၉)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေယာစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးအောင်ကြိုင်(ခ)တိုးတိုးအောင် အမည်ပေါက်ရှိသော မြေဧရိယာပေ(၅၀x၅၀) အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ရောင်းချပိုင်ခွင့်ရှိသူ ဦးဝေယံမျိုး ၁၂/စခန(နိုင်)၀၆၄၂၈၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော (၁)ဒေါ်ကြည်ကြည်အုန်း ၁၄/မမန(နိုင်)၀၀၀၆၆၈၊ (၂)ဒေါ်သဲဆုနွယ် ၁၃/တကန(နိုင်)၁၄၃၁၅၄ တို့က ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မိုးစန္ဒာမွန် (LL.B) WIPO (Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၄၀၆၂၈/၂၀၁၂)**
**တိုက်(၃၄)၊ လေးလွှာအေ၊ ပုသိမ်ညွန့်(၈)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၂၅၅၂၆၆၄၈၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရခိုင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ကျေးလက်တံတားလုပ်ငန်းများအား ပစ္စည်းတင်ဒါစနစ်ဖြင့်ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်းအတွက် လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၆-၁၁-၂၀၂၅)ရက် (ကြာသပတေးနေ့) နံနက်(၉:၃၀) မှ ညနေ (၄:၃၀)

(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** - (၁၀-၁၁-၂၀၂၅)ရက်(တနင်္လာနေ့) နံနက်(၉:၃၀) မှ ညနေ (၄:၃၀)

(ဂ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်း ရမည့်ရက်၊ အချိန်** - (၁၁-၁၁-၂၀၂၅)ရက်(အင်္ဂါနေ့) ညနေ(၄:၃၀)အထိ

၂။ **တင်ဒါလျှောက်လွှာဝယ် ယူရန်နှင့်တင်သွင်းရန်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ စစ်တွေမြို့

၃။အသေးစိတ်အချက်အလက်များကိုသိရှိလိုပါကညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ရခိုင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မင်းဘာကြီးလမ်း၊ စစ်တွေမြို့၊ ဖုန်းနံပါတ် -၀၉-၄၀၀၄၁၀၆၇၃၊ ၀၉-၂၅၀၇၅၅၇၄၉၊ ၀၉-၂၅၀၉၉၉၉၄၈သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါဖွင့်လှစ်မည့်ရက်အား ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ပုဗ္ဗသီရိဈေး၊ RCဆိုင်ခန်းအမှတ် (ရ-၂) ဆိုင်ခန်း(၁)ခန်းအား ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ အမှတ်(၂၃၀၆၅)နေ ဒေါ်စန်းနီလာ(၁၄/ကပန(နိုင်)၁၈၆၇၁၀) အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မလိခလမ်း၊ အမှတ်(၂၁၁၉၁)နေ ဒေါ်စုလှိုင်ဝင်း (၁၀/ပမန(နိုင်)၁၅၇၁၈၇)သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်နှစ်မျိုးဖြင့် လူတစ်ဦးတည်းဖြစ်ကြောင်း

ကျွန်မ ဒေါ်ထက်ထက်ဝင်း ၅/ထခန(နိုင်)၁၀၇၄၅၇၏ ဖခင်အမည်မှာ ဦးမောင်လတ်နှင့် ဦးမောင်လတ်(ခ)ဦးကိုလတ် ဟု အမည်နှစ်မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းသာလျှင် ဖြစ်ပါကြောင်း။ **ဒေါ်ထက်ထက်ဝင်း**

## အမည်ပြောင်း

ဦးအောင်ကျော်ဆန်း ၈/မဘန(နိုင်)၁၀၂၂၆၁ ၏သား မကွေးမြို့ စေတနာမွန် ကိုယ်ပိုင်အထက်တန်းကျောင်း Grade 7 တွင် ပညာသင်ကြားနေသော မောင်ညာဏ်ထက်လင်းအောင် အား မောင်ဆန်းထက်ထွန်း ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဆန်းထက်ထွန်း**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အရှေ့ဘက်ကမ်းရပ်ကွက်၊ အောင်ချမ်းသာ(၂)လမ်း၊ အိမ်အမှတ်(၁၀၁)နေ ဦးထွန်းအောင်ကျော် ၇/ဝမန(နိုင်)၀၀၆၇၂၄- ဒေါ်သန်းသန်းဦး ၇/ဝမန(နိုင်) ၁၉၉၉၈၅တို့၏သား မောင်ဇင်မင်းထွန်း ၇/ဝမန(နိုင်) ၁၄၃၈၅၆သည် မိဘများ၏ဆိုဆုံးမမှုကို နာခံမှုမရှိသည့်အပြင် မိဘများအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ဆောင်ရွက်နေခြင်းကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝများမှာ မိဘများနှင့်သက်ဆိုင်မှုမရှိတော့ကြောင်းနှင့် မိဘများက မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးထွန်းအောင်ကျော်-ဒေါ်သန်းသန်းဦး**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2P/2957 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/40558, Turbo Star-110 ယာဉ်လက်ဝယ်ရှိသူ ဦးစန်းအေးလွင် ၁၄/ပတန(နိုင်)၁၂၅၂၀၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/90911 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာဝင်းမေ ၇/ပခန(နိုင်)၁၉၀၄၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅) မြိတ်မြို့နယ်တရားရုံး ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၃

(၁)ဦးမောင်မောင်အေး နှင့် ဦးဇူဇယ်
(၂)ဒေါ်သန်းလှ
(တရားလိုများ) (တရားပြိုင်)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ ဈေးတန်းရပ်ကွက်နေသူ ဦးဇူဇယ်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုများဖြစ်သော (၁)ဦးမောင်မောင်အေး၊ (၂)ဒေါ်သန်းလှတို့က မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၁၃)ရက် (၁၃၈၇ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၉)ရက်) မွန်းမတည့်မီ နံနက်(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြိုးဖြိုးစံ)**
**မြို့နယ်တရားသူကြီး**
**မြိတ်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ နတ်တလင်းမြို့၊ သာစည်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် (၁၂-၁- ၂၀၂၅)ရက်၌ ရောင်းချသူ ဒေါ်နီနီဦး ၇/နတလ(နိုင်)၀၉၇၀၇၅နှင့် ကျွန်ုပ်၏မိတ်ဆွေ ဝယ်ယူသူ ဒေါ်ခင်စိုးဝင်း ၇/နတလ(နိုင်)၀၀၀၆၉၆ တို့မှာ "နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်" ချုပ်ဆိုခဲ့ရာ ဝယ်ယူသူမှ တန်ဖိုးငွေအပြေအကြေပေးချေပြီးဖြစ်၍ ၎င်းစာချုပ်အား "တရားဝင် မှတ်ပုံတင်စာချုပ်ကြီး" ချုပ်ဆိုရန်အတွက် ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့် (၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တည်ဆဲဥပဒေအရ ဆက်လက် ဆောင်ရွက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်စိုးဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းဇော်ဦး (LL.B) စဉ်-၅၄၂၄၂**
**အထက်တန်းရှေ့နေ**
**ဇီးကုန်းလေးလမ်း၊ ဇီးကုန်းလေးရပ်ကွက်၊ နတ်တလင်းမြို့၊**
**ဖုန်း-၀၉-၇၈၁၃၂၈၈၇၃**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၈/ပဒေသာ)၊ ဦးပိုင်အမှတ်(၁/၃၂-က) မြေဧရိယာ(၀.၀၅၅)ဧက(လက်ရှိမြေပေါ်ရှိအတိုင်းအတာ)မြေနှင့်နေအိမ်၊ လျှပ်စစ်မီတာအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး (အုတ်တံတိုင်းခတ်အပြီးအစီး)တို့ကို ဦးထွန်းထွန်းနိုင် (၁၂/တမန(နိုင်)၁၀၉၁၉၅) ထံမှ ဦးသိန်းထိုက်(၇/သကန(နိုင်)၀၀၄၇၀၉)က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက် ဖြစ်ပါသည်။

အဆိုပါမြေကွက်/နေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးသိန်းထိုက်** | **ဦးနေမျိုးဇော် (LL.B, D.B.L)** |
| **၇/ သကန(နိုင်)၀၀၄၇၀၉** | **တရားလွှတ်တော်ရှေ့နေ** |
| | **ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး ၊သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အနောက်လက်ပံခုန်ရပ်ကွက်၊ ပြည်လမ်းတွင်ရှိသော အကွက်အမှတ်- M၊ ကွင်းအမည်- ရေလဲတောင်ရပ်၊ ဦးပိုင်အမှတ်- ၄၀၊ ပိုင်ဆိုင်ခွင့်- L၊ မြေဧရိယာ(၀.၀၉၄)ဧက၊ ဒေါ်နှင်းကြိုင်အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်ထွက်ရှိထားပြီး ထိုခြံမြေထဲမှ မြောက်ဘက်အခြမ်းရှိ မြေဧရိယာ (၀.၀၃၃)ဧကကို ဦးလှငွေက ၁၉၉၀ ပြည့်နှစ်တွင် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပြီး လက်ရှိနေထိုင်ခဲ့ပါသည်။ ဦးလှငွေသည် မြေဧရိယာ (၀.၀၃၃)ဧကကိုသာ ဝယ်ယူခြင်းဖြစ်၍ ဒေါ်နှင်းကြိုင်ထံက မြေငှားဂရန်(မူရင်း)ရရှိခဲ့ခြင်းမရှိပါ။ ဦးလှငွေသည် (၂၆-၁၁-၂၀၂၂)ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ အထက်ပါခြံမြေ၏ မြောက်ဘက်ခြမ်းရှိ မြေဧရိယာ (၀.၀၃၃)ဧကရှိမြေနှင့် ယင်းခြံမြေတွင် ဆောက်လုပ်ထားသည့်နေအိမ်၌ ဦးလှငွေ၏သမီးများဖြစ်သည့် ဒေါ်ပန်းအိဖြူနှင့် ဒေါ်မေသဇင်ဖူးတို့ ညီအစ်မနှစ်ဦးက ယနေ့တိုင်လက်ရှိပိုင်ဆိုင်နေထိုင် လျက်ရှိကြပါသည်။ ထို့ကြောင့် ဒေါ်ပန်းအိဖြူ တို့ညီအစ်မနှစ်ဦးက ဒေါ်နှင်းကြိုင်အမည်ပေါက် မြေငှားဂရန်ရရှိသည့် မြေဧရိယာ (၀.၀၉၄)ဧကအနက်မှ မြေဧရိယာ (၀.၀၃၃)ဧကကို သက်ဆိုင်ရာရုံးဌာန အသီးသီးတွင် ဦးပိုင်ခွဲစိတ်ရန်နှင့် ၎င်းတို့၏အမည်ပေါက်မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါသောကြောင့် မည်သူမဆို ကန့်ကွက်လိုလျှင် စာမှတ်စာတမ်းအထောက်အထား(မူရင်း)ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက် အတွင်း ကျွန်ုပ်ထံသို့ ဖြစ်စေ၊ သက်ဆိုင်ရာရုံးဌာနအသီးသီးတွင်ဖြစ်စေ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဒေါ်ပန်းအိဖြူနှင့် ဒေါ်မေသဇင်ဖူးတို့၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိအိလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၀၈/၂၀၁၅)**
**အမှတ်(၄၈၆)၊ ဗိုလ်စိန်မှန်လမ်း၊ ဆရာစံမြို့သစ်၊ သာယာဝတီမြို့၊**
**ဖုန်း- ၀၉-၇၉၉၃၇၁၉၂၂**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၀)၊ မြေကွက်အမှတ်(၄၀၇)၊ အကျယ်အဝန်း(၄၂'/၆၂' x၆၀')၊ မြေကွက်အမှတ်(၄၀၈)၊ အကျယ်အဝန်း(၄၃'x ၆၀')၊ မြေကွက်အမှတ်(၄၀၉)၊ အကျယ်အဝန်း(၄၃'x၆၀')ရှိ ပါမစ်မြေကွက်(၃) ကွက်နှင့်တကွ ယင်းမြေကွက်(၃)ကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သောအကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့မြေစာရင်းနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာနတို့တွင် အမှတ်စဉ်အမှတ်(၇၀၃)အရ ဒေါ်ဝင်းလှိုင်(၁၂/သဃက(နိုင်)၀၅၃၁၉၄)၊ အမှတ်စဉ်အမှတ်(၉၃၀)အရ ဒေါ်တင်ရီ(TTE-025717)၊ အမှတ်စဉ် အမှတ်(၉၂၉)အရ ဦးဝင်းကို(၁၂/ဥကမ(နိုင်)၁၃၁၅၈၉)တို့၏ အမည်များဖြင့် မှတ်သားတည်ရှိသည့် ပါမစ်မြေကွက်များ ဖြစ်ပြီး ၎င်းတို့ထံမှ အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် တစ်ဆင့်ပြန်လည်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဖြူဖြူခိုင်(၉/မခန(နိုင်)၁၆၉၈၂၆)မှ အဆိုပါမြေကွက်များအား မိမိမှတရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်းဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်(၃)ကွက်နှင့်တကွ ယင်း မြေကွက်(၃)ကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့် အညီတရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်(၃)ကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ထွေးဇာခြည် (LL.B)၊ (D.B.L)** | **ဒေါ်ညိုမာ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၁၈)** | **အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)** |
| **ဖုန်း - ၀၉-၄၃၀၉၅၃၆၇။** | **အခန်းအမှတ်(308)၊ Office Tower (3), Time City,** |
| | **ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။** |

## ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်၊ မြင်တော်သာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃/မာန်ပြေ)၊ မြေကွက်အမှတ်(၂၈၀)၊ အကျယ်အဝန်း(၄၀'x ၆၀' )ရှိ မြေကွက်၏ မြေအကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ယင်းမြေပေါ်တွင် တည်ဆောက်ထားသည့် (၈ ၁/၂ )တိုက်၏ (၅)လွှာ(5-B)၊ အကျယ်အဝန်း(၁၉'x၅၄')ခန့်ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်ဆက်စပ်လျက်ရှိသည့် ပစ္စည်းများအားလုံးနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါတိုက်ခန်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဦးတင်စိုးဝင်း (၁၃/တကန(နိုင်)၀၉၉၃၈၈)၏အမည်ဖြင့် မှတ်သားတည်ရှိသည့်မြေကွက်ဖြစ်ပြီး ၎င်းကိုယ်တိုင်မှ အဆိုပါမြေကွက်နှင့် ပတ်သက်သည့် မြေ၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အခြားအရှုပ်အရှင်းမရှိ ၎င်းတစ်ဦးတည်း ကိုယ်တိုင်ပိုင်ဆိုင်ထားကြောင်း တရားဝင်ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အထက်ပစ္စည်းစာရင်းပါ ယင်းမြေကွက်ပေါ်တွင်တည်ဆောက်ထားသည့်တိုက်၏ (၅)လွှာ (5-B)အခန်းအား မူလပိုင်ရှင်ဖြစ်သူမှတစ်ဆင့် ပြန်လည်ရောင်းချ ထားသည့် အရပ်ကတိအဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နှင်းအေးအေးထွန်း(၁၂/အစန(နိုင်)၀၆၇၉၈၉)မှ ၎င်းကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့် ရှိသည့်တိုက်ခန်းဖြစ်ပါကြောင်း ကတိပြုကမ်းလှမ်းလာသည့်အတွက် အဆိုပါမြေ၏အကျိုးခံစားခွင့်နှင့် ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ထွေးဇာခြည် (LL.B)၊ (D.B.L)** | **ဒေါ်ညိုမာ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၁၈)** | **အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)** |
| | **အခန်းအမှတ် (308)၊ Office Tower (3), Time City,** |
| | **ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၈၈၇၈၇၆၆၅** |

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈၀)၊ ထောင်လယ်အကွက်၊ ဦးပိုင်အမှတ် (၈/ခ)၊ ဧရိယာ(၀.၀၃၂)ဧကရှိ လင်ချောင်ဟန်(ခ)စိန်မျိုးနိုင် အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ (B)ကို ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ဥမ္မာဒန္တီလမ်း၊ အမှတ် (၄-ခ)နေ ဒေါ်မြမြအေး မှ ဘိုးဘပိုင်မြေ အမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ပုသိမ်မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ်၊၈/ပုဗ္ဗသီရိရပ်၊ မြေဧရိယာ (၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ-၃၁၆၇၅)ကို အမည်ပေါက် ဦးအောင်ကျော်ဆန်း (ဘ) ဦးသန်းညွန့် ၉/ပမန(နိုင်)၀၀၀၀၃၅ မှ ဦးခင်မောင်အေး(ဘ)ဦးမောင် ၈/ပဖန(နိုင်)၀၆၇၀၀၇နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ အောင်တော်မူလမ်း၊ အမှတ်(၄၀)၊ (၈)ထပ်ခွဲတိုက်၏ တတိယထပ်(၄-လွှာ)၊အကျယ်အဝန်း(၂၃ပေx၄၆ပေ)ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုလက်ရှိထား ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်သက်မြတ်ရွှေရည်ဦး(၁၂/လမတ(နိုင်)၀၃၆၂၅၅)ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဒေါ်သဲနုဝင်း (၁၂/ဥကမ(ပြု)၀၀၀၀၈၁)မှ စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်မာသောအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးထွန်း (LL.B)၊ အထက်တန်းရှေ့နေ (စဉ်-၃၂၄၄၆)**
**ဖုန်း-၀၉-၂၅၃၃၆၇၅၄၉**

## ပတ်စ်ပို့ပျောက်

အေးသာယာမြို့၊ နယ်မြေ(၃)၊ ရပ်ကွက်(၁)နေ (ဘ)ဦးအားဆာ၏သား မောင်ဒံယေလ (၁၃/တကန(နိုင်)၃၆၇၅၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MI-933552) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၆၆၀၇၄၄**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 14W/90337, Honda . Wave NF-100 MR ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းအောင်ဖေ (၁၃/တကန (နိုင်) ၀၀၀၃၆၃)က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 6W/7433, Honda Wave- 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းလှအောင် (၁၃/တကန(နိုင်)၀၀၀၃၆၇) က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
## ဦးသောင်းရွှေ
## အသက်(၈၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ရေအိုးစဉ်ကျေးရွာအုပ်စု၊ သရက်တောကျေးရွာနေ (ဦးလှဒင်-ဒေါ်လှတင်)တို့၏သား၊ (ဦးဘဆွယ်၊ ဦးစိန်ခို-ဒေါ်ဖွားမှီ)တို့၏သားသမက်၊ ဒေါ်ခင်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးနောင်ဦး-ဒေါ်နီနီဝင်းမောင်၊ ဦးဇော်ဝမ်း-ဒေါ်ချိုမာလွင်၊ ဦးအောင်ဆန်းလင်း-ဒေါ်တင်မိုးမြင့်၊ ဦးမျိုးသွင်-ဒေါ်ခင်ထွေးရီ၊ ဦးနေလင်း-ဒေါ်ဖြူပြာနွယ်၊ ဦးလွမ်းဝေ-ဒေါ်ယမင်းအိတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေး(၁၂)ယောက်၊ မြစ်(၁)ယောက်တို့၏အဘိုး ဦးသောင်းရွှေသည် ၁၈-၁၀-၂၀၂၅ ရက် မွန်းလွဲ(၁၂:၄၉)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်သော ရုပ်ကလာပ်ကို ၂၀-၁၀-၂၀၂၅ ရက် မွန်းလွဲ (၁၂ :၃၀)နာရီတွင် ကျွဲပွဲအရှေ့ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်၍ ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA) - (RA-2)၊ အကွက်အမှတ် (တ-၀၅)၊ မြေကွက်အမှတ် (၀၂၇၃)၊ (၀၂၇၄) အကျယ်အဝန်း(၈၀'X၈၀')စီရှိ မြေကွက် (၂)ကွက်နှင့်တကွ ယင်းမြေကွက်(၂)ကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန်ကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်သည် ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယာယီမြေပေးမိန့်အမှတ်(၄၃၃၈/၂၀၂၀)၊ အရ ဦးစောစစ်စိန်(၁၂/တတန (နိုင်)၀၉၇၂၃၆)၊ ယာယီမြေပေးမိန့် အမှတ်(၄၃၃၉/၂၀၂၀)အရ ဒေါ်ညိုညိုအေး(၁၂/တတန (နိုင်) ၀၉၇၂၆၅)အမည်တို့ဖြင့် ရရှိထားသည့် မြေကွက်ဖြစ်ပြီး ၎င်းတို့မှ အဆိုပါမြေကွက်များအား မိမိတို့ကိုယ်တိုင် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းနှင်းအေး(၁၃/လရန (နိုင်) ၁၈၅၈၀၇)မှ အဆိုပါမြေကွက်(၂)ကွက်နှင့်တကွ ယင်းမြေကွက်များနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဒေါ်ထွေးဇာခြည် (LL.B)၊ (D.B.L)** | **ဒေါ်ညိုမာ (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၁၈) | အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆) |
| ဖုန်း - ၀၉-၄၃၀၉၅၃၆၇။ | အခန်းအမှတ်(308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ |

---

### ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA) - (RA-2)၊ အကွက်အမှတ် (တ-၀၅)၊ မြေကွက်အမှတ် (၀၂၇၁)၊ (၀၂၇၂) အကျယ်အဝန်း (၈၀'X၈၀')စီရှိ မြေကွက်(၂)ကွက်နှင့်တကွ ယင်းမြေကွက်(၂)ကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန်ကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်သည် ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယာယီမြေပေးမိန့် အမှတ်(၄၃၃၆/၂၀၂၀)နှင့် (၄၃၃၇/၂၀၂၀)တို့အရ ဦးစောစစ်စိန်(၁၂/တတန(နိုင်)၀၉၇၂၃၆) အမည်ဖြင့်ရရှိထားသည့် မြေကွက်ဖြစ်ပြီး ၎င်းမှအဆိုပါ မြေကွက်အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့် ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝမ်ဆီကိုင်း(၁၃/ကခန(နိုင်)၀၄၂၁၉၇)မှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဒေါ်ထွေးဇာခြည် (LL.B)၊ (D.B.L)** | **ဒေါ်ညိုမာ (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၁၈) | အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆) |
| ဖုန်း - ၀၉-၄၃၀၉၅၃၆၇။ | အခန်းအမှတ်(308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ |

---

### ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA) – (RA-2)၊ အကွက်အမှတ် (တ-၀၅)၊ မြေကွက်အမှတ် (၀၂၆၉)၊ (၀၂၇၀) အကျယ်အဝန်း (၈၀'X၈၀')စီရှိ မြေကွက်(၂)ကွက်နှင့်တကွ ယင်းမြေကွက်(၂)ကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန်ကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်သည် ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယာယီမြေပေးမိန့်အမှတ်(၄၃၃၄/၂၀၂၀)၊ (၄၃၃၅/၂၀၂၀)အရ ဦးစောစစ်စိန်(၁၂/တတန(နိုင်)၀၉၇၂၃၆) အမည်ဖြင့် ရရှိထားသည့် မြေကွက်ဖြစ်ပြီး ၎င်းမှအဆိုပါမြေကွက်အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဟွာကြည်ယုံ(၁၃/လရန(နိုင်)၁၃၁၈၈၆)မှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဒေါ်ထွေးဇာခြည် (LL.B)၊ (D.B.L)** | **ဒေါ်ညိုမာ (LL.B)** |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၁၈) | အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆) |
| ဖုန်း - ၀၉-၄၃၀၉၅၃၆၇။ | အခန်းအမှတ်(308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ |

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အမက(လွန်)သောင်ကြီးကျောင်းမှ လ/ထ(မူပြ)ဆရာ ဦးမိုး ၇/ကဝန(နိုင်)၁၇၉၆၅၁ ၏ ဖခင်အမည်မှန်မှာ ဦးပုံဆိုး(ခ)ဦးပုံစိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးပုံဆိုး(ခ)ဦးပုံစိုး**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကွင်းအမှတ်(၅၂၁-စီ)၊ ကွင်းအမည်(ကိုးလုံးတောင်)၊ ဦးပိုင်အမှတ်(၄၁/၂) သန္ဓေပင်ရွာလယ်လမ်း၊ သန္ဓေပင်ကျေးရွာ၊ (၄၂.၃/၅၀x၁၄၇)ပေအကျယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးအောင်ကျော်ကျော်မျိုး(၁၂/မဘန(ပြု)၀၀၀၀၂၁)မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်သီမာလာစိုး(၁၂/ကမရ(နိုင်)၀၅၄၈၄၄)ကလည်းအပြီး အပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးသုထက်ကျော်လွင်**
(အထက်တန်းရှေ့နေ စဉ်-၄၉၅၀၂/၂၀၁၈)
အမှတ်(၃၃)၊ မြသီရိလမ်း၊ မြသီတာရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၉-၆၆၆၀၀၀၀၆

---


# မူးယစ်ကိုပစ်
# ပန်းတိုင်သစ်
# စိတ်သစ် လူသစ်
# ဘဝသစ်


---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်း(ငြိမ်း)
### DSA 7th Intake
### အသက်(၈၂)နှစ်

ပြင်ဦးလွင်မြို့နေ ဒေါ်လဲ့လဲ့ဝင်း၏ ခင်ပွန်း၊ မန္တလေးမြို့၊ ဗဟိုအမျိုးသမီးဆေးရုံအုပ်ကြီး ဒေါက်တာ ဝင်းပပဝင်း၏ ဖခင်ဖြစ်သူ ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်း(ငြိမ်း)သည် ၁၇-၁၀-၂၀၂၅ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဦးသောင်းရွှေ
### အသက်(၈၂)နှစ်

ကိုစိုးနောင်ဦး ၏ဖခင်ဖြစ်သူ ဦးသောင်းရွှေ သည် ၁၈-၁၀-၂၀၂၅ ရက်နေ့ မွန်းလွဲ(၁၂:၄၉)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၆) မှ**
**ကျောင်းဆင်းများနှင့် မိသားစုများ**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးမြင့်လှိုင်
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်းသွယ်(၂)၊ အမှတ်(၂၀/ဈ)နေ(ဦးဖေမြင့်-ဒေါ်ဦး)တို့၏ဒုတိယသား၊ (ဦးတင်ရွှေ-ဒေါ်တင်မြင့်)တို့၏သားသမက်၊ ဒေါ်တင်မာဌေး(ခ)ဒေါ်မိမိချို၏ ချစ်လှစွာသောခင်ပွန်း၊ မဆုမြတ်သီရိ(ခ)ပိုးပိုး၊ မောင်ထူးမြတ်အောင်(ခ)ချိန်စွမ်း၊မောင်ခန့်မြတ်ဇော်(ခ)ချန်းပေါင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဦးမြင့်ခိုင်-ဒေါ်ကျင်ကျင်စိန်တို့၏ညီမောင်၊ ဒေါ်မြင့်မြင့်၊ ဒေါ်ကျင်ဌေး-ဦးကျော်လှိုင်၊ ဒေါ်မြင့်မြင့်ကြည်-ဦးသန်းလှိုင်၊ ဦးထွန်းအောင်ကျော်-ဒေါ်ပေါင်ပေါင်၊ ဦးအောင်မြတ်-ဒေါ်ခင်လပြည့်ဝန်း၊ ဒေါ်ဌေးဌေးအောင်-ဦးရဲလင်း၊ ဦးကျော်ကျော်ထွန်း-ဒေါ်ခင်အေးမြင့်တို့၏အစ်ကိုကြီး၊ တူ၊တူမ ၁၂ယောက်တို့၏ ချစ်လှစွာသောဦးလေးသည် ၁၇-၁၀-၂၀၂၅ရက် (သောကြာနေ့)ည ၈:၁၅နာရီတွင် ပါရမီရိပ်သာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၂၅ရက် (အင်္ဂါနေ့)တွင် ရေဝေးဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးခြင်း

ယာဉ်အမှတ် 7B/6956 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊(ရွာသာကြီး)**

---

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ရပ်ကွက်ကြီး(၂)၊ (၂၈)သုမင်္ဂလာရပ်၊ မြို့ပတ်လမ်း၊ အမှတ်(၂/၁၀၀၁) နေ မိဘများဖြစ်ကြသော ဦးမြင့်ဝေ(၁/မညန(နိုင်)၀၀၀၅၇၃)နှင့် ဒေါ်လှလှစိန်(၁/မညန(နိုင်)၀၇၅၀၈၈)တို့မှ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏ သားဖြစ်သူ မောင်ဝေယံဟိန်းအောင် (၉/ပဥလ(နိုင်)၀၄၂၁၃၅)သည် မိဘနှစ်ပါး၏ဆိုဆုံးမ ပဲ့ပြင်မှုများကို နာခံခြင်းမရှိဘဲ မိဘများအား အမြဲတမ်းဂုဏ်သိက္ခာညှိုးနွမ်းစေသည့်အပြင် ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ဆောင်ရွက်နေသူ တစ်ဦးဖြစ်သောကြောင့် ၎င်း၏ဆန္ဒအလျောက် နေအိမ်မှဆင်းသွားခဲ့ပါသဖြင့် မိဘများမှ မောင်ဝေယံဟိန်းအောင်အား အမွေပြတ် စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင်၎င်းနှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး၊ ငွေကြေးကိစ္စရပ်အဝဝတို့သည် မိဘနှစ်ပါး၊မိသားစုဝင်များနှင့် လုံးဝ သက်ဆိုင်ခြင်းမရှိကြောင်း၊တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ဝေ (၁/မညန(နိုင်)၀၀၀၅၇၃)**
**ဒေါ်လှလှစိန် (၁/မညန(နိုင်)၀၇၅၀၈၈)**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(ခွဲ) ကျားတက်အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးဝင်းဇော် ၇/ကဝန(နိုင်)၀၀၀၈၀၆၏ ဖခင်အမည်မှာ ဦးဝင်း(ခ)ဦးမောင်ဝင်း ၇/ကဝန(နိုင်)၀၁၄၀၀၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဝင်း(ခ)ဦးမောင်ဝင်း**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အလက(ခွဲ) ရွှေကံကျောင်းမှ လ/ထ(မူပြ)ဆရာမ ဒေါ်မော်မော်ဝင်း ၇/ကဝန(နိုင်)၁၃၁၄၀၉ ၏ ဖခင်အမည်မှာ ဦးကံရွှေ(ခ)ဦးကန်ရွှေ ၇/ကဝန(နိုင်)၀၄၅၀၃၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကံရွှေ(ခ)ဦးကန်ရွှေ**

---

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ မိတ္တဗလနယ်မြေ(၁)၊ ကျော်စွာလမ်းနေ ကျွန်တော် ဦးအောင်ဇော်မင်း ၉/မထလ(နိုင်)၁၆၉၈၆၄ နှင့် ကျွန်မဒေါ်သန်းသန်းအေး ၉/မထလ(နိုင်)၀၀၅၀၂၂ တို့၏သား မောင်သီဟဇော်၉/မထလ(နိုင်) ၃၂၆၆၁၃ သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင်အမျိုးမျိုးပြုနေပါ၍ ၎င်းအားယနေ့မှစပြီး သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

**မိဘများ ဦးအောင်ဇော်မင်း၊ ဒေါ်သန်းသန်းအေး**

---

### " အထူးဝမ်းနည်းကြေကွဲခြင်း "

မန္တလေးပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ဌာန၏ ပါမောက္ခဌာနမှူး(အငြိမ်းစား)၊ ဆရာကြီး ပါမောက္ခဒေါက်တာခွန်စိုးမိုး အသက်(၇၈)နှစ်သည် ၁၆-၁၀-၂၀၂၅ရက် ည(၈:၄၅)နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း ကြားသိရပါသည်။ ဆရာကြီးသည် နှလုံးနှင့်သွေးကြောခွဲစိတ်ကုသခြင်းတွင် အထူးအားထားရပြီး လူနာများ၏ ကောင်းကျိုးအတွက် တပည့်များကိုအစဉ်လမ်းညွှန်ပေးနေသော ဆရာကြီးတစ်ဦးဖြစ်ပါသဖြင့် မိသားစုဝင်များနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲနှမြောတသ ဖြစ်မိပါသည်။ ဆရာကြီးကောင်းရာမွန်ရာ ဘုံဌာနသို့ ရောက်ရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း**
**ခွဲစိတ်ကု ဆရာဝန်များအဖွဲ့**

---

### "အထူးဝမ်းနည်းကြေကွဲခြင်း"

မန္တလေးပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ဌာန ၏ ပါမောက္ခဌာနမှူး(အငြိမ်းစား)၊ ဆရာကြီး ဒေါက်တာခွန်စိုးမိုး အသက်(၇၈)နှစ်သည် ၁၆-၁၀-၂၀၂၅ ရက် ည (၈:၄၅)နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း ကြားသိရပါသည်။ ဆရာကြီးသည် နှလုံးနှင့်သွေးကြော ခွဲစိတ်ကုသခြင်းတွင် အထူးအားထားရပြီး လူနာများ၏ ကောင်းကျိုးအတွက် တပည့်များကိုအစဉ်လမ်းညွှန်ပေးနေသော ဆရာကြီးတစ်ဦးဖြစ်ပါသဖြင့် မိသားစုဝင်များနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲ နှမြောတသ ဖြစ်မိပါသည်။ ဆရာကြီးကောင်းရာမွန်ရာ ဘုံဌာနသို့ ရောက်ရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**နှလုံးနှင့်သွေးကြောခွဲစိတ် မိသားစုများ**

---

### အများသိစေရန် ကြေညာခြင်း

ဦးထူးကျော် (Indirect Sales Manager)၊ မှတ်ပုံတင်အမှတ် ၁၂/ဥကတ(နိုင်)၀၄၇၉၀၇ ကိုင်ဆောင်သူအား ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၃ ရက်မှစ၍ FUJIFILM Business Innovation Asia Pacific Pte Ltd (Myanmar Branch) နှင့် FUJIFILM Myanmar Limited ဟုခေါ်တွင်သော ကုမ္ပဏီ (၂) ခု တွင် ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ရပ်စဲပြီးဖြစ်ပါသည်။ ထို့အပြင် ဦးထူးကျော်သည် ကုမ္ပဏီနှင့် မည်သည့်အဆက် အသွယ်မှမရှိတော့ပါသဖြင့် ၎င်းအမည်နှင့် ရာထူးလုပ်ပိုင်ခွင့်ကို အသုံးပြု၍ပြုလုပ်သည့် လုပ်ငန်းများ၊ ငွေကြေးဆိုင်ရာ ပေးချေမှုများ သို့မဟုတ် ၎င်းနှင့် ပတ်သက်သည့် အရှုပ်အရှင်းများနှင့် အခြားမည်သည့် ကိစ္စကိုမျှ ကုမ္ပဏီဘက်မှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**FUJIFILM Myanmar Limited ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသီတာထွန်း (LL.B, DBL, DIL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၆၇၉)**
**ဖုန်း-၀၉-၇၉၈၃၂၃၄၉၉**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/8920, New Star 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင်ထွေး ၉/အမဇ(နိုင်)၀၆၆၇၅၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/74900, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ နော်ဖေ့ါလားဟို့ ၃/ကကရ(နိုင်)၁၂၇၆၃၄က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)တွင် ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၉) ရပ်ကွက်၊ စောမွန်လှ(၁)လမ်းရှိ ဒေါ်မြင့်ရီ အမည်ပေါက် ပါမစ်မြေကွက်အမှတ် (၁၈၁၄) အတွင်းရှိ (၁၀-ပေx၆၀ ပေ) (အမှတ် (၁၈၁၅) မြေကွက်ဘက်မှ ရေတွက်လျှင် ဒုတိယမြေခြာက် (၁၀-ပေx ၆၀ ပေ)ရှိ အိမ်ခြံမြေအား လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်မြမြဆွေ (၁၂/ဒဂတ(နိုင်)၀၅၁၇၁၆)ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးမြင့်အေးသည် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာစာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးမိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၅)**
**အမှတ်-၁၀၁/H၊ ပထမထပ်၊ တိုက် -၉/၁၁၊ ၃၆-လမ်း (အောက်)၊**
**ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၂၆၂၆၃၈၀၈၉**

❖ မိမိတို့နိုင်ငံသည် မတူကွဲပြားသည့် အင်အားကြီးနိုင်ငံ နှစ်နိုင်ငံအကြားတွင် ရှိနေကြောင်း ...

❖ ထို့ကြောင့် နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍လည်း လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

**ယနေ့ သတင်းအညွှန်း**

**ရန်ကုန် - ပုဂံ ရထားလမ်းပိုင်းအတွင်း အမှတ်(၆၁) အဆန်၊ (၆၂)အစုန် လူစီးရထား ပြန်လည်ပြေးဆွဲမည်**
ပြည်တွင်းသတင်း စာ ၈

**နိုဘယ်ဆုရ ရူပဗေဒပညာရှင် ချန်နင်းယန် အသက် (၁၀၃) နှစ်တွင် ကွယ်လွန်**
နိုင်ငံတကာသတင်း စာ ၁၄

**မျိုးဆက်သစ် ထူးချွန်လူငယ် မောင်မယ်များနှင့် စစ်သည်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ**
ပြည်တွင်းသတင်း စာ ၂၂

**ကျောက်မဲမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ထပ်မံဖွင့်လှစ်၊ ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**
ပြည်တွင်းသတင်း စာ ၂၃

# တပ်မတော်က သီပေါမြို့အား ပြန်လည်ထိန်းချုပ်ရရှိခဲ့သဖြင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ သီပေါမြို့သို့ ရောက်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများ ဝမ်းမြောက်စွာကြိုဆို

နေပြည်တော် အောက်တိုဘာ ၁၈

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားခဲ့သည့် သီပေါမြို့အား အောက်တိုဘာ ၁၇ ရက်တွင် တပ်မတော်က အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍



ဌာနဆိုင်ရာအဖွဲ့အစည်းများ ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ သီပေါမြို့သို့ ရောက်ရှိရာ ဒေသခံပြည်သူများ ကြိုဆိုစဉ်။

## လီဂူးဝမ်းပွဲစဉ် (၈) တွင် ပီအက်စ်ဂျီက စထရာဘော့ဂ်ကို သရေကျ




ပီအက်စ်ဂျီကစားသမား လီကန်အင်း စထရာဘော့ဂ်အသင်းကစားသမားများကို ထိုးဖောက်ဖြတ်ကျော်ရန်ကြိုးပမ်းစဉ်။

ပြင်သစ်လီဂူးဝမ်း ပွဲစဉ် (၈) မှ အောက်တိုဘာ ၁၈ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် အသင်းကြီး ပီအက်စ်ဂျီနှင့် ခြေစွမ်း ထက်မြက်သည့် စထရာဘော့ဂ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် သုံးဂိုးစီဖြင့် သရေကျခဲ့သည်။

နှစ်သင်းကြား ခြေစွမ်းကွာဟမှုမရှိဘဲ အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိပြီး နှစ်ဖက်သွင်းဂိုးပေါင်း ခြောက်ဂိုးရှိသည်အထိ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။

စထရာဘော့ဂ် အသင်းသည် ပီအက်စ်ဂျီအသင်းကို မိနစ် ၇၀ ကျော်အထိ သုံးဂိုး- တစ်ဂိုး ဖြင့် ဦးဆောင်ထားနိုင်ခဲ့ သော်လည်း

*စာမျက်နှာ ၁၁ ကော်လံ ၁* ❖

## ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၈

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက်(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ နောက်ဆုံးအုပ်စုပတ်လည်ပွဲစဉ်ကို ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကိုးသိန်းအားကစားကွင်း၌ ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် ပရိသတ်များ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံး အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ပြည်နယ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲကိုအောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်အထိ ပြိုင်ပွဲနှစ်ရက်နားမည်ဖြစ်သည်။ *စာမျက်နှာ ၁၁ ကော်လံ ၅* ■